# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂၃)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ၂-၄-၂၀၂၆၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် မြေဩဇာများရရှိရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် မြေဩဇာများရရှိရေး အစည်းအဝေးကျင်းပ

## စက်သုံးဆီဈေးများ မြင့်တက်မှုမရှိစေရေး ပြည်ပမှစက်သုံးဆီများတင်သွင်းရာတွင် ကောက်ခံလျက်ရှိသည့် အခွန်အခများလျှော့ပေါ့ပေးနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်

နေပြည်တော် ဧပြီ ၁

စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဧပြီ ၂ ရက်၊ ကြာသပတေးနေ့။

## လူမှုဆက်ဆံရေးကို အလေးထားရမည်

မြန်မာလူမျိုးတို့သည် လူမှုဆက်ဆံရေးကို ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အထူးအလေးထားသူများဖြစ်ကြသည်။ ခေတ်အဆက်ဆက်တွင်လည်း စာဆိုတို့က မြန်မာတို့၏ လူမှုပေါင်းသင်းဆက်ဆံရေးကို ညွှန်ပြသော အဖိုးမဖြတ်နိုင်သည့် စာပေအရေးအသားများ၊ ကျမ်းကြီးကျမ်းငယ်များကို ရေးသားပြုစုခြင်းဖြင့် လမ်းညွှန်ခဲ့ကြောင်းကို တွေ့ရသည်။ လူမှုပေါင်းသင်းဆက်ဆံရေးတွင် ကိုယ်အမူအရာယဉ်ကျေးခြင်း၊ နှုတ်အမူအရာယဉ်ကျေးခြင်း ရှိရန်လိုအပ်မည်ဖြစ်သည်။ "နှုတ်ချိုသျှိုတစ်ပါး"၊ "နှုတ်ကောင်းလျှင်ပြည်စိုး"ဟူသော စကားပုံများသည် လူမှုဆက်ဆံရေးဆောင်ပုဒ်များပင်ဖြစ်သည်။

ထို့အပြင် မြန်မာလူမျိုးတို့သည် မိမိထက်အသက် ဂုဏ်ဝါကြီးသူရှေ့တွင် ခေါင်းငုံ့၍သွားခြင်း၊ လက်အုပ်ချီ၍ အရိုအသေပေးခြင်း၊ လုပ်ငန်းခွင်တွင် ရှိသေစွာ နှုတ်ဆက်ခြင်းစသည်တို့သည် ကိုယ်အမူအရာနိမ့်ချခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းကို ပြဆိုနေသည်။ လူအချင်းချင်းပေါင်းသင်းဆက်ဆံရာတွင်လည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုကာ ပေါင်းသင်းဆက်ဆံနေရသည်။ အချင်းချင်း ခင်မင်ရင်းနှီးရုံနှင့်မပြီးသေးဘဲ တစ်ဦး၏ အခက်အခဲကို ဝိုင်းဝန်းကူညီဖြေရှင်းပေးခြင်း၊ နားလည်စာနာမှုပေးခြင်း၊ ကြီးသူကို ရိုသေ၍ယ်တူကို လေးစား၊ ငယ်သူကို သနားကြင်နာတတ်ခြင်း၊ လူကဲခတ်ကျွမ်းကျင်ခြင်း၊ အရိပ်သုံးပါးကို နားလည်ခြင်း ဟူသောအချက်များကို ကြိုးစားကျင့်ကြံဖို့လိုမည်ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် လူမှုဆက်ဆံရေးနည်းလမ်းကို ဟောကြားတော်မူခဲ့သည်။ ထိုတရားတော်မှာ "မင်္ဂလာတရား"ဖြစ်သည်။ "၃၈ ဖြာ မင်္ဂလာတရားတော်"သည် လူအချင်းချင်းဆက်ဆံရာတွင် ပြေပြစ်စေခြင်း၏ အခြေခံကိုယ်ကျင့်တရားများပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအရ လူမှုပေါင်းသင်းဆက်ဆံရာတွင် ထားအပ်သော စိတ်ထားကို လောကသာရပျို့တွင် "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဟူ၍ ဆုံးမထားသည်။ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားအားထုတ်သူ မှန်လျှင်လည်း သူတစ်ပါးနှင့်ဆက်ဆံပါက ယုံကြည်ကိုးစားမှု၊ လေးစားမှုရရှိမည်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။

လူမှုဆက်ဆံရေးတွင် နှုတ်ချိုသာရုံနှင့်လည်း မပြီးသေးပါ။ စိတ်ထားလည်းဖြူစင်ရန် လိုအပ်လှသည်။ "နှုတ်ကတော့ ပျားသကာ၊ စိတ်ကတော့ ခါးတမာ"ဟူသော စကားမျိုး မဖြစ်စေဘဲ စိတ်ကလည်း ဖြူစင်ကောင်းမွန်၊ နှုတ်ကလည်း ချိုပြေသာယာရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် လူမှုဆက်ဆံရေးအရ ပြောဆိုရာတွင် ချစ်ခြင်း၊မုန်းခြင်းစသည့် ဆန့်ကျင်ဘက် နှစ်မျိုးစလုံးကို ဖန်တီးပေးနိုင်သော စကားကို လေ့လာကြည့်ပါက ချိုသာသောစကား၊ ကြမ်းတမ်းရိုင်းပြသော စကားဟူ၍ နှစ်မျိုးခွဲခြားနိုင်သေးသည်။ ခါးသက်သောအရာထက် ချိုမြိန်သောအရာကိုသာ လူအများက ကြိုက်နှစ်သက်ကြသည်။ လူတိုင်းလူတိုင်းသည် တစ်ဦးနှင့်တစ်ဦးစကားပြောဆို ဆက်ဆံရာတွင် ချိုသာပြေပြစ်သောစကားများဖြင့် ပြောဆိုဆက်ဆံသင့်ကြသည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း လူမှုဆက်ဆံရေးကို လိမ္မာပါးနပ်စွာ ကျင့်ကြံပြီး ယနေ့မှစတင်ကာ ယဉ်ကျေးမှုနှင့်အညီ ဆက်ဆံပေါင်းသင်းရေးကို အလေးထားဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပေသည်။

## ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကန့်ဘလူ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ကန့်ဘလူမြို့ပေါ် ရပ်ကွက် (၅)ခုမှ အသက်နှစ် နှစ်အောက် ကလေးငယ်များကို အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန် ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ် ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ် ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော ရိုတာ(Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

၀-၀-၀-၀-၀

## စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း သင်တန်းဖွင့်လှစ်



**ကျောက်ဆည် ဧပြီ ၁**

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မျိုးစေ့အသင်းတို့ ပူးပေါင်း၍ စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း သင်တန်းအား ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ စိုက်ပျိုးရေး သုတေသနခြံတွင် ကျင်းပပြုလုပ်ခဲ့ရာ စပါးစိုက်တောင်သူ ၅၀ ဦး တက်ရောက်ခဲ့သည်။

သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မျိုးစေ့အသင်းဥက္ကဋ္ဌ ဦးဝင်းမော်က သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ ဒေါက်တာ ယုမွန်နှင့် သင်တန်းနည်းပြ နှစ်ဦးတို့မှ စပါးသီးနှံဝတ်မှုန်ကူးခြင်း သဘာဝနှင့် မျိုးမရောစေရန် ကြိုတင်စီမံခြင်း၊ စပါးမျိုးစေ့အပင် ပေါက်ခြင်း၊ အစေ့ငုပ်ခြင်းနှင့် ချေဖျက်သည့်နည်းလမ်းများ၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ မျိုးစေ့ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားများခြင်း၊ မျိုးစေ့စွမ်းအားစစ်ဆေးခြင်းနည်းလမ်းများအကြောင်း သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၁ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၈၅)**

## လူနာများအား ဆေးအလှူငွေပေးအပ်

**မန္တလေး ဧပြီ ၁**

မန္တလေးပြည်သူ့ဆေးရုံကြီး (ကန်တော်နဒီ)ကင်ဆာဌာနတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား Rotary Club of Royal Mandalay (RCRY) ဦးဆောင်၍ အသင်းသား၊ အသင်းသူများက ဆေးအလှူငွေပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဆေးရုံ လေးထပ်ဆောင် ကင်ဆာဌာနတွင် ပြုလုပ်သည်။



ဦးစွာ ကင်ဆာဌာနဆေးရုံ အုပ်ကြီးအား (RCRY)အသင်းတာဝန်ရှိသူများက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အသင်းသား၊ အသင်းသူများက လူနာတစ်ဦးချင်းအား ဆေးအလှူငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက (RCRY)အသင်းသား၊အသင်းသူများအား ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ် ၃)**

## မြစ်သားမြို့နယ်၌ ရေဆေးပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မြစ်သား ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိရှိအသုံးချတတ်စေရန်နှင့် ရေဆေးပန်းချီရေးဆွဲတတ်စေရန် ရည်ရွယ်၍ ရေဆေးပန်းချီရေးဆွဲနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပပြုလုပ်သည်။

**(အောက်ပုံ)**



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာအောင်က ရေဆေးပန်းချီရေးဆွဲနည်း သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ရေဆေးပန်းချီစနစ်တကျ ရေးဆွဲတတ်စေရန်၊ ငယ်စဉ်ကတည်းက တီထွင်ဖန်တီးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ သင်ကြားပြသပေးမည့် အတတ်ပညာများကို စိတ်ဝင်စားစွာ လေ့လာသင်ယူသွားကြပြီး ပန်းချီပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရေဆေးပန်းချီရေးဆွဲနည်း သင်တန်းနည်းပြဆရာ ဦးဇော်ဇော်ဝင်းက ရေဆေးပန်းချီရေးဆွဲနည်း ဘာသာရပ်များဖြစ်သော ရေဆေးပန်းချီ၊ ဆီဆေးပန်းချီ၊ အခရိုင်းလစ်ပန်းချီ ရေးဆွဲရာတွင် စုတ်တံကိုင်တွယ်အသုံးပြုတတ်စေရန်၊ ဆေးရောင်များ ရောစပ်အသုံးပြုတတ်စေရန်၊ ရှုခင်းပုံများ ရေးဆွဲရာ၌ အနီးအဝေးရေးဆွဲတတ်စေရန်တို့ကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ရေဆေးပန်းချီရေးဆွဲနည်း သင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့အား ဧပြီ ၁ ရက်မှ ၉ ရက်နေ့အထိ သင်တန်းကာလ ၉ ရက်ကြာ၊ နေ့စဉ် နံနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ စာတွေ့၊ လက်တွေ့သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# သယ်ယူပို့ဆောင်မှုများကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာမှုမရှိစေရေးအတွက် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ခုဖြစ်သည့် မီးရထားဖြင့်ပို့ဆောင်မှုများကို အဓိကထားအသုံးပြု၍ ကုန်စည်များကို သယ်ယူပို့ဆောင်သွားကြရန်လို

- **အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးအတွက် အဓိကလိုအပ်သည့် ဒီဇယ်ဆီများကို သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိ**
- **ပြည်တွင်းကုန်ဈေးနှုန်းများမြင့်တက်လာမှု မရှိစေရေးအတွက် ဝင်ငွေနည်းပါးသည့်ပြည်သူများနှင့် ဝန်ထမ်းများအတွက် အဓိကထား ဆောင်ရွက်ပေးရမည်**
- **စက်သုံးဆီများတင်သွင်းရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသော ဒီဇယ်ဆီများအတွက် ဦးစားပေးဆောင်ရွက်သွားရန်လို**

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယခုလက်ရှိအချိန်၌ ဖြစ်ပွားလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် စက်သုံးဆီများရှားပါးမှုကို ကမ္ဘာနှင့်တစ်ဝန်းတွင် ကြုံတွေ့နေရပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း အဆိုပါအခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းစက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန်အတွက် မကြာမီကာလက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသုံးစွဲမှုနှင့် ဆီဖြည့်သွင်းမှုကို စုံ/မ အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ QR Code များအသုံးပြု၍ ဆီဖြည့်ခြင်းစနစ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာ ဆောင်ရွက်ကြရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချလာနိုင်ပြီဖြစ်ကြောင်း။

စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသည်နှင့် အမျှ ကုန်စည်စီးဆင်းမှုများအလိုက် ကုန်ဈေးနှုန်းများလည်း မြင့်တက်လာနိုင်ကြောင်း၊ ထို့ကြောင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးအတွက် အဓိကလိုအပ်သည့် ဒီဇယ်ဆီများကို သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်မှုများကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာမှုမရှိစေရေးအတွက် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် မီးရထားဖြင့် ပို့ဆောင်မှုများကို အဓိကထားအသုံးပြု၍ ကုန်စည်များကို သယ်ယူပို့ဆောင်သွားကြရန်လိုကြောင်း။

အလားတူ ယခုကာလအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသည်နှင့်အတူ ဒေါ်လာဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ဒေါ်လာဈေးများမြင့်တက်လာခြင်းမှာ စက်သုံးဆီများအပါအဝင် အခြားပြည်ပသွင်းကုန်တန်ဖိုးများ မြင့်မားလာခြင်းကြောင့် ငွေကြေးပမာဏ ပိုမိုသုံးစွဲရပြီးဒေါ်လာဈေးများ မြင့်မားလာခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းကုန်ဈေးနှုန်းများမြင့်တက်လာမှု မရှိစေရေးအတွက် ဝင်ငွေနည်းပါးသည့် ပြည်သူများနှင့် ဝန်ထမ်းများအတွက် အဓိကထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်သုံးဆီဈေးများ မြင့်တက်မှုမရှိစေရေးအတွက် ပြည်ပမှစက်သုံးဆီများတင်သွင်းရာတွင် ကောက်ခံလျက်ရှိသည့် အခွန်အခများ လျှော့ပေါ့ပေးနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ စက်သုံးဆီများ တင်သွင်းရာတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသော ဒီဇယ်ဆီများအတွက် ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း။

ယခုကာလသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် လေအေးပေးစက်များကို ပိုမိုအသုံးပြုလာကြကြောင်း၊ ထိုသို့အသုံးပြုရာတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုမှုများ များပြားလာသကဲ့သို့ မီးစက်များအသုံးပြု၍လည်း ဆောင်ရွက်ကြကြောင်း၊ လျှပ်စစ်ဓာတ်အားကို ချွေတာရန်လိုအပ်သကဲ့သို့ မီးစက်သုံးဆီ သုံးစွဲခြင်းများနှင့် မော်တော်ယာဉ်အသုံးပြုမှုများကိုလည်း လျှော့ချသွားရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ပါက တစ်ဖက်မှလည်း နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီများကို လျှော့ချနိုင်ရန်အတွက် EV ကား တင်သွင်းမှုများကို ဆောင်ရွက်ရာတွင် စက်သုံးဆီသုံး ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံ၍ EV ကားများ ပြန်လည်တင်သွင်းသည့်စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

ရထားပို့ဆောင်ရေးစနစ်သည် ကုန်စည်များ သယ်ယူပို့ဆောင်ရေးအတွက် ကုန်ကျစရိတ်များ သက်သာစေခြင်းကြောင့် ကုန်တင်ရထားများ တိုးချဲ့ပြေးဆွဲသွားရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရထားဖြင့် ကုန်စည်များသယ်ယူပို့ဆောင်ရေးစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်သည့် ရေနှင့် ဓာတ်မြေဩဇာများ လိုအပ်သကဲ့သို့ လယ်ထွန်စက်များနှင့် ရေတင်စက်များအတွက်လည်း စက်သုံးဆီများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ လောင်စာဆီဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် သဘာဝဓာတ်မြေဩဇာများကို ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးတောင်သူများလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိစေရေးအတွက် ထောက်ပံ့ပေးခြင်းနှင့် အခွန်အခကောက်ခံခြင်းများကို တတ်နိုင်သမျှလျှော့ချပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးအတွက် အဓိကထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်အရ ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ သုံးစွဲရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ ပဲပုပ်နှင့် နှမ်းတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် နေကြာစိုက်ပျိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူများအတွက် လိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးသွားရန်လိုကြောင်း၊ နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသလို တောင်သူများဘက်ကလည်း အတတ်နိုင်ဆုံး ကုန်ထုတ်လုပ်မှုများ ပြုလုပ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြည်တွင်းစက်သုံးဆီရှားပါးမှုအခက်အခဲကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများမှစက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် မီးရထား၊ သင်္ဘောနှင့် ဘတ်စ်ကားယာဉ်များအတွက် လိုအပ်သည့် စက်မောင်းဆီများကို လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

- **စက်သုံးဆီများကိုလျှော့ချနိုင်ရန်အတွက် EV ကား တင်သွင်းမှုများကို ဆောင်ရွက်ရာတွင် စက်သုံးဆီသုံးယာဉ်အိုယာဉ်ဟောင်းများ အပ်နှံ၍ EV ကားများ ပြန်လည်တင်သွင်းသည့်စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန်လို**
- **လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုနှင့်အတူ ဓာတ်မြေဩဇာဈေးနှုန်းများမြင့်တက်လာမှုကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် သဘာဝဓာတ်မြေဩဇာများကို ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လို**
- **စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးတောင်သူများလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိစေရေးအတွက် ထောက်ပံ့ပေးခြင်းနှင့် အခွန်အခကောက်ခံခြင်းများကို တတ်နိုင်သမျှလျှော့ချပေးခြင်းများကို ဆောင်ရွက်ပေးနိုင်**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရ အသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျစေရန်အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ယင်းအခွန်ကင်းလွတ်ခွင့်သည် ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်မည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ဒီဇယ်ဆီ တင်သွင်းမှုအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုသွားမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် ပြည်တွင်းရှိစက်သုံးဆီဈေးနှုန်းများလည်း တဖြည်းဖြည်းမြင့်တက်လျက်ရှိရာ စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတွင် အများဆုံးအဓိကအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီ HSD (500 ppm) ဈေးနှုန်းတည်ငြိမ်၊ လျော့ကျစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်လျော့ကျစေနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုန်ဈေးနှုန်းတည်ငြိမ်လျော့ကျစေရေးအတွက် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၄။ အဆိုပါ အခွန်ကင်းလွတ်ခွင့်သည် ဖော်ပြပါကာလအတွင်း အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) များအတွက်သာ အကျုံးဝင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ခွင့်ပြုစာရင်း (Whitelist) ဝင် ဖုန်းများအတွက် IMEI Code တစ်ခုခုသည် Unpaid ဖြစ်နေပါက အခွန်ပေးဆောင်ရန်မလိုအပ်ပါကြောင်းနှင့် Paid ဖြစ်စေရန် ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ် အသိပေးကြေညာခြင်း

၁။ အများပြည်သူတို့လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို အခွန်ပေးဆောင်ရန်မလိုဘဲ CEIR စနစ်ရှိခွင့်ပြုစာရင်း (Whitelist) တွင် ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့နောက်ဆုံးထားပြီး မိုဘိုင်းလက်ကိုင်ဖုန်း (Handset) ၏ SIM Slot အားလုံးတွင် SIM Card (MPT၊ ATOM၊ U9၊ Mytel) များ ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် အသိပေးကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ 1SIM + eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) နှင့် SIM1, SIM2 + eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များရှိ SIM Slot များတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ အနည်းဆုံး SIM Card တစ်ခု ထည့်သွင်းအသုံးပြုထားပြီးဖြစ်ပါက ၎င်း Handset များသည် ခွင့်ပြုစာရင်း (Whitelist) တွင် စာရင်းထည့်သွင်းပြီးဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့နောက်ပိုင်းတွင် အဆိုပါ ခွင့်ပြုစာရင်း (Whitelist) ဝင် Handset များ၏ ကျန် SIM Slot များ၌ Physical SIM Card (သို့မဟုတ်) eSIM ထပ်မံထည့်သွင်း အသုံးပြုပါက IMEI Code သည် Unpaid အဖြစ် ဖော်ပြနေမည်ဖြစ်ပြီး အခွန်ပေးဆောင်ရန် တောင်းဆိုသည့်အချက်အလက်များ ဖော်ပြမည်ဖြစ်သော်လည်း ၎င်း Handset များအတွက် အခွန်ပေးဆောင်ရန် လိုအပ်မည်မဟုတ်ပါ။

၄။ ထိုသို့ ခွင့်ပြုစာရင်း (Whitelist) ဝင် ဖုန်းများတွင် IMEI Code တစ်ခုသည် Paid ဖြစ်နေသော်လည်း အခြား IMEI Code တစ်ခုသည် Unpaid ဖြစ်နေခြင်း (သို့မဟုတ်) eSIM ထည့်သွင်းအသုံးပြုချိန် IMEI Code သည် Unpaid ဖြစ်နေခြင်းတို့အတွက် CEIR စနစ်၏အင်တာနက်စာမျက်နှာဖြစ်သော https://ceir.gov.mm တွင် Check Status ကိုနှိပ်၍ အဆင့်ဆင့်ဝင်ရောက်ပြီး အဆိုပါ Unpaid ဖြစ်နေသည့် IMEI Code နှင့် လိုအပ်သည့်အချက်အလက်များ ထည့်သွင်းပေးပို့ပါက CEIR စနစ်မှ ယင်း IMEI Code အား Paid အဖြစ် အလိုအလျောက် သတ်မှတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက CEIR Call Center ၁၅၇၇ နှင့် ၁၇၅၅ သို့လည်းကောင်း၊ တွေ့ဆုံမေးမြန်းလိုပါက CEIR စနစ်ပိုင်းဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့ (CEIR One Stop Service - OSS) (အကောက်ခွန်ဦးစီးဌာန၊ အမှတ် ၁၃၂၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့) နှင့် (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး - ၅၊ လမ်း ၆၀၊ ၁၀၁ (A) လမ်းနှင့် ၁၀၂ လမ်းကြား၊ မြို့သစ် (၁) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့) တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

CEIR နှင့် EIR စနစ် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့် နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများ မဝင်အောင် သတိပြုပါ။ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ။ အစားအစာများကို ယင်နားခြင်းနှင့် အခြား အညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

## အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များက သံဃာတော်များအား (၂၄၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဧပြီ ၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စေတနာရှင်၊ အလှူရှင်များ ပူးပေါင်းပါဝင်မှုဖြင့် (၂၄၂)ကြိမ်မြောက်ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၆ နာရီက ရပ်ကွက်မီးသတ်ရုံးရှေ့တွင် ကျင်းပပြုလုပ်သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူကြရာတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ စေတနာရှင်၊ အလှူရှင်များပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်းသံဃာအပါး ၁၅၀ ကျော်အား ဆွမ်း၊ ကြက်သားအာလူးချက်၊ ငါးလေးခြောက် ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ အကြော်စသည့် ဆွမ်း၊ ဆွမ်းဟင်းများဖြင့် ကုသိုလ်ပြု လောင်းလှူခဲ့ကြကြောင်း သိရသည်။

(ယာဝုံ)

(၀၉၃)



**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် တာဝန်ရှိသူများသည် အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code စနစ်ဖြင့် စက်သုံးဆီများ စိစစ်ရောင်းချမှုအား ကြည့်ရှုစစ်ဆေး

**မန္တလေး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာ ဝန်ကြီး ဦးရွှေဇင်သည် ရေနံထွက် ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြည်သူများအနေဖြင့် စက်သုံးဆီဝယ်ယူရာတွင် ပိုမို အဆင်ပြေချောမွေ့စေရေးနှင့် အရောင်းဆိုင်များတွင် ယာဉ် တန်းစီမှု ပိုမိုလျှော့ချနိုင်ရေး တို့အတွက် အဆင့်မြှင့်တင်ထား သည့် Bar Code/ QR Code စနစ်ဖြင့် စက်သုံးဆီများ စိစစ် ရောင်းချပေးခြင်းကို ယနေ့ နံနက် ပိုင်းက မန္တလေးမြို့ပေါ်ရှိ စက် သုံးဆီအရောင်းဆိုင်များတွင် ကြည့်ရှုစစ်ဆေးလျက်ရှိသည်။

ဦးစွာ မန္တလေးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ ဖြစ်သည့် MEC၊ Denko၊ BOC အရောင်းဆိုင်များနှင့် အခြား စက်သုံးဆီအရောင်းဆိုင်များသို့ သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ သွားရောက်၍ ကြည့်ရှုစစ်ဆေးရာတွင် အရောင်း ဆိုင်များအနေဖြင့် ဝယ်ယူခွင့်ရှိ သည့်ပမာဏများအတိုင်း ရောင်းချ ပေးလျက်ရှိပြီး စုံ၊ မ အက္ခရာ ခွဲခြားပြီး တစ်ပတ်လျှင်နှစ်ကြိမ် အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code စနစ်ဖြင့် စက်သုံးဆီများ စိစစ်ရောင်းချမှု ကြောင့် ဧပြီ ၁ ရက်မှစ၍ ပြည်သူများအနေဖြင့် စက်သုံးဆီ ဝယ်ယူရာတွင် ပိုမို အဆင်ပြေ ချောမွေ့လာပြီး၊ အရောင်းဆိုင် များတွင် ယာဉ်တန်းစီမှုများ ပိုမိုလျော့နည်းသွားကြောင်း၊ အရောင်းဆိုင်များတွင် စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး စီစဉ်ထားရှိ ကြောင်း၊ ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ လိုအပ် သလောက်သာ ဝယ်ယူစေလို ကြောင်း၊ မလိုအပ်ဘဲ ဆီများ သိုလှောင်ခြင်းမပြုလုပ်ရန်နှင့် ပြည်သူများကလည်း စနစ်တကျ တန်းစီပေးစေလိုကြောင်း မှာကြား ပြီး စက်သုံးဆီဝယ်ယူသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**

၀-၀-၀-၀



## ရွှေအရောင်းဆိုင်များ ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ/မရှိ စစ်ဆေး

**ပျော်ဘွယ် ဧပြီ ၁**

ရမည်းသင်းခရိုင်၊ ပျော်ဘွယ် မြို့နယ်အတွင်း ရောင်းချလျက်ရှိ သော ရွှေအရောင်းဆိုင်များအနေ ဖြင့် နိုင်ငံတော်မှသတ်မှတ်ထား သည့် စံချိန်စံညွှန်းများ၊ ရည်ညွှန်း ဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း ကို ယနေ့နံနက် ၁၀ နာရီက သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်သည့်အဖွဲ့များက ဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့စစ်ဆေးရာတွင် ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန် မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် သက်ဆိုင်ရာဌာနများပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ရွှေအရောင်း အဝယ်ဆိုင်များအနေဖြင့် ဓာတ် သတ္တု(ရွှေ)ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင်ရယူထားခြင်း ရှိ၊ မရှိ၊ နိုင်ငံတော်ကသတ်မှတ် ထားသော စံချိန်စံညွှန်းကိုက် ညီသည့် ဓာတ်သတ္တု(ရွှေ) ရောင်း ဝယ်မှု ရှိ၊ မရှိ ဝန်ဆောင်မှု လုပ်ငန်းနှင့်ပတ်သက်၍ ဓာတ် သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ် မှတ်ရေးကော်မတီက ထုတ်ပြန် ထားသည့် ရည်ညွှန်းဈေးဖြင့် ရောင်းဝယ်ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြသည်။



ထို့အပြင် တည်ဆဲအခွန် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ နှင့်အညီ အခွန်ထမ်းဆောင်ခြင်း ရှိ၊ မရှိ ရွှေရောင်းဝယ်ခြင်း လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာ ငွေပေးချေမှု၊ ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှု၊ ဗဟိုဘဏ်မှ ထုတ် ပြန်ထားသော စည်းမျဉ်းစည်း ကမ်းများ၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်းက ရွှေရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင် ခွင့်ပြုထားသောနေရာ၌ ရောင်း ဝယ်မှုရှိ၊ မရှိတို့ကို စစ်ဆေး ခဲ့ကြောင်းသိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လယ်ဝေး ဧပြီ ၁**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ မြန်မာတို့၏ နှစ်သစ်ကူးအခါ သမယတွင် မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော်နှင့် လမ်းလျှောက် သင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လယ်ဝေးမြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက လယ်ဝေးမြို့နယ် အတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီ အသီးသီးဖွဲ့စည်းကာ ဌာနဆိုင်ရာ များ၊ မြို့မိမြို့ဖများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ပြည်သူများ စုပေါင်း၍ အောင်မြင်စွာဆောင် ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်းဖြစ် ကြောင်းနှင့် ဆပ်ကော်မတီများက စီစဉ်ဆောင်ရွက်ထားရှိမှုများကို တင်ပြနိုင်ရေးဆွေးနွေး ပြောကြား သည်။

ထို့နောက် တက်ရောက် လာကြသည့် ကော်မတီအသီး သီးမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူး များက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်း များကို တင်ပြဆွေးနွေးသည်။ ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသည့် လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက လိုအပ်သည်များကို တင်ပြဆွေး နွေးရာ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## နွေရာသီအားကစားသင်တန်းများဖွင့်လှစ်

**ပုဗ္ဗသီရိ ဧပြီ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များ အနေ ဖြင့် ပညာရေးသာမက ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုး တက်စေရန် ရည်ရွယ်၍ နွေ ရာသီအားကစားသင်တန်းများ ကို အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်းနှင့် ကျည်တောင်ကန် အခြေခံပညာ အထက်တန်းကျောင်းများတွင် မတ် ၂၅ ရက်မှ စတင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ နွေရာသီအားကစား သင်တန်းများကို မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ နယ်အားကစားနှင့် ကာယ ပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနှင်းအေးနှင့် အားကစား နည်းပြများက အနီးကပ်ကြီး ကြပ်၍ အားကစားနည်းများဖြစ် သည့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ အေရိုးဗစ်၊ မြန်မာ့သိုင်း စသည့် အားကစားနည်း ခြောက်မျိုးကို ကျောင်းသား၊ ကျောင်းသူ ၄၄၅ ဦးအား မတ် ၂၅ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွား မည် ဖြစ်သည်။ **(ယာပုံ)**

အဆိုပါ သင်တန်းများကို ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များက အားလပ်ရက်အချိန်များကို အကျိုးရှိစွာအသုံးချ၍ နိုင်ငံ့ ဂုဏ်ဆောင်အားကစားသမားများ ဖြစ်လာစေရန် ရည်ရွယ်၍ နေ့စဉ် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး နွေရာသီ အဆင့်မြင့်သင်တန်းများ ကိုလည်း ဆက်လက်ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း မြို့နယ် အားကစားနှင့်ကာယပညာဦးစီး ဌာနမှ သိရသည်။

**အောင်ကို(ပြန်/ဆက်)**



**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

❖ စာမျက်နှာ ၂၄ မှ

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ရောက်ချိန် | | ပြေးဆွဲမည့် နေ့ရက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အဆန်အထူး DEMU(စပိန်) | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ | ၁၀.၄.၂၀၂၆ ၁၁.၄.၂၀၂၆ ၁၂.၄.၂၀၂၆ ၁၉.၄.၂၀၂၆ ၂၀.၄.၂၀၂၆ |
| ၂ | အစုန်အထူး DEMU(စပိန်) | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ | |
| ၃ | အဆန်အထူး (လေအိတ်) | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ | ၁၀.၄.၂၀၂၆ ၁၁.၄.၂၀၂၆ ၁၂.၄.၂၀၂၆ ၁၉.၄.၂၀၂၆ ၂၀.၄.၂၀၂၆ |
| ၄ | အစုန်အထူး (လေအိတ်) | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ | |
| ၅ | အဆန်အထူး (လေအိတ်) | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ | ၁၀.၄.၂၀၂၆ |
| | | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ | ၁၁.၄.၂၀၂၆ ၁၂.၄.၂၀၂၆ ၁၉.၄.၂၀၂၆ ၂၀.၄.၂၀၂၆ |
| ၆ | အစုန်အထူး (လေအိတ်) | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၇:၅၅ | |
| | | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၇:၅၅ | ၂၁.၄.၂၀၂၆ |

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနွှန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန် ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်လမ်းပိုင်းတွင် အထက်တန်းလက်မှတ်အား(၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား(၁)ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း၊ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန် လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် အွန်လိုင်းမှလက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System - ORTP)စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက်(၇)ရက်နှင့်ကြားဘူတာများတွက်(၃)ရက်ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

အထက်ပါ ထပ်တိုးပြေးဆွဲပေးသည့် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် အစုန်/အဆန် အထူးလေအိတ်ရထားများတွင် အထက်တန်း(၆)တွဲနှင့် ရိုးရိုးတန်း(၈)တွဲ၊ ဘရိတ်တွဲ(၁)တွဲဖြင့် ဝန်ချိန်ပြည့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်အထိ ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားအချို့ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၇)အဆန်၊ (၈)အစုန်၊ (၃၁)အဆန်၊ (၃၂)အစုန်၊ (၃၃)အဆန်၊ (၃၄)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ် DEMU ရထားများ၊ အမှတ်(၂၇) အဆန်၊ (၂၈)အစုန် နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ် BEL ရထား၊ အမှတ်(၁)အဆန်၊ (၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ် စာပို့ရထား ၊ အမှတ်(၁၅) အဆန်၊ (၁၆)အစုန်၊ ရန်ကုန် - ပဲခူး- ရန်ကုန် DEMU ရထား၊ အမှတ် (သ-၃၀၁)အဆန်၊ (၃၀၂)အစုန် သာစည်-မန္တလေး-သာစည် ခရီးတို RBE ရထား၊ ရန်ကုန်-ပြည်လမ်း ပိုင်းတွင် အမှတ်(၇၁)အဆန်၊(၇၂) အစုန် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် လူစီးအမြန်ရထား၊ အမှတ် (၆၅)အဆန်၊ (၆၆)အစုန် အင်းစိန်-ဥက္ကံ-အင်းစိန် ခရီးစဉ် စာပို့ရထားတို့ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ပတ် ရထားများကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ခေတ္တရပ်နားထားမည်ဖြစ်သည်။

ရန်ကုန်-ပုဂံလမ်းပိုင်း၌ အမှတ်(၆၁)အဆန်၊ (၆၂)အစုန် ရန်ကုန်-ပျဉ်းမနား -ပုဂံ ခရီးစဉ် ရထားများကို ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ပြီး ရထားခရီးစဉ်အားလုံး ဧပြီ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ်(၁၁) အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၊ ရန်ကုန် - မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၆၃)အဆန် ၊ အမှတ်(၆၄)အစုန် လူစီးစာပို့ရထား ၊ သာစည်-တောင်ကြီးလမ်းပိုင်း၌ အမှတ်(၁၄၁)အဆန်၊ အမှတ်(၁၄၂)အစုန် စာပို့ရထား၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၌ အမှတ်(၁၀၃)အဆန်၊ အမှတ်(၁၀၄)အစုန်လော်ကယ်ရထား၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း၌ အမှတ် (၁၉၅) အဆန်၊ အမှတ်(၁၉၆)အစုန် လော်ကယ်ရထား၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၌ မိုးကောင်း(၁)၊ မိုးကောင်း(၂)လူစီးရထားနှင့် ပုသိမ်-ကြံခင်းလမ်းပိုင်း၌ အမှတ်(၁၈၁)အဆန်၊ အမှတ်(၁၈၂)အစုန် လူစီးရထားများကို သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရှခင်းကြည့်ရထားများဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ် ၊ တောင်ကြီး-ပေါမှု ခရီးစဉ်များကိုလည်း သင်္ကြန်ပိတ်ရက်ကာလအတွင်း စီးနင်းလိုသည့် ခရီးသည်များရှိပါက ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နှမ်းစပါး ၄၉၃၂ ဧက လျာထားပြီး ၁၅၀၁ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နှမ်းစပါး ၄၉၃၂ ဧက လျာထားပြီး ၁၅၀၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

နှမ်းစပါးများစိုက်ပျိုးရာ၌ ဇော်ဂျီမြစ်ဆည်၊ ကင်းတားဆည်၊ သစ်တက္ကုန်းဆည်၊ စက်ရေတွင်းများဖြင့် စိုက်ပျိုးလျက်ရှိရာ တမုတ်မြောင်းရေဖြင့် ၁၂၅ ဧက၊ မင်းရဲမြောင်းရေဖြင့် ၆၁၀ ဧက၊ သင်းတွဲမြောင်းရေဖြင့် ၆၈၉ ဧက၊ ထုံးကြီးမြောင်းရေဖြင့်၂၂ ဧက၊ သင်းဒီးမြောင်းရေဖြင့် ၅၅ ဧက စုစုပေါင်း ၁၅၀၁ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နှမ်းစပါး ၄၉၃၂ ဧက စိုက်ပျိုးလျက်ရှိရာ လျာထားဧကပြည့်မီရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများပြည့်ဝစွာပေးဝေလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)(၄၈၅)**



## အမျိုးသမီးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသောငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ် ရယူဆောင်ရွက်သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဧပြီ ၁

အမျိုးသမီးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသောငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ် ရယူဆောင်ရွက်သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်နေ အမျိုးသမီးတစ်ဦးကို တစ်ရပ်ကွက်တည်းနေ မသီတာမိုး(ခ)ချယ်ရီက ကျိုင်းတုံမြို့ရှိ KTV ဆိုင်တွင် အလုပ်ရှိကြောင်း၊တစ်လလျှင် ငွေကျပ်သိန်း ၃၀ ခန့်ရရှိမည်၊ လုပ်ကိုင်လိုပါက သွားရောက်မည့်နေ့တွင် လက်ကိုင်ဖုန်း ဝယ်ပေးပြီး ကျိုင်းတုံမြို့သို့ရောက်သည်အထိ တာဝန်ယူပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုသဖြင့်သဘောတူခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ကျိုင်းတုံမြို့သို့ သွားရောက်ရမည်ဖြစ်၍ အောင်မင်္ဂလာအဝေးပြေးကားဝင်းသို့လိုက်ပါပို့ဆောင်ကာ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်ငါးသောင်းပေးပြီး ကျိုင်းတုံမြို့သို့ရောက်လျှင် ဆက်သွယ်ရန် ဖုန်းနံပါတ်ပေးကာ ကားပေါ်တင်ပေး၍ ပြန်သွားခဲ့ကြောင်း။

ကျိုင်းတုံမြို့သို့ရောက်ရှိ၍ သဲအိဖြူ ကိုင်ဆောင်သည့် ဖုန်းနံပါတ်သို့ ဆက်သွယ်ခဲ့ရာ အငှားကားတစ်စီးလွှတ်ပေးထားရှိပြီး ၎င်းကားနှင့် လိုက်ခဲ့ရန်ပြောဆိုသဖြင့် လိုက်ပါခဲ့ကြောင်း၊ ခြောက်နာရီခန့်အကြာတွင် မသဲအိဖြူ နေထိုင်သည့် ပန်ဆန်းမြို့ရှိ တရုတ်စာတန်းများရေးသားထားသည့် "ဖန်ကျူမ်းလိုင်" ဆိုသည့်ဆိုင်သို့ရောက်ရှိခဲ့ပြီး မသဲအိဖြူကို တွေ့ရှိခဲ့ကြောင်း၊ မသဲအိဖြူက မှတ်ပုံတင်အားသိမ်းဆည်းပြီး နောက်နေ့တွင် အမျိုးသားဖောက်သည်များနှင့်ဆက်ဆံရမည်ဟု ပြောဆိုသဖြင့် ပြည့်တန်ဆာအလုပ် မလုပ်နိုင်ကြောင်း၊ ပြန်လိုကြောင်းပြောဆိုခဲ့ရာ ပြန်လိုပါက မသီတာမိုး(ခ)ချယ်ရီ ကိုထုတ်ပေးထားသည့် ငွေကျပ်သိန်း ၃၀ ပြန်ပေးပါက ပြန်လို့ရကြောင်း၊ မပေးနိုင်ပါက ပြည့်တန်ဆာအလုပ် လုပ်ကိုင်ရမည်၊ ထွက်ပြေးပါက လိုက်၍ သတ်ခိုင်းမည်ဟု ခြိမ်းခြောက်ပြောဆိုကာ ပြည့်တန်ဆာအလုပ်ကို အဓမ္မခိုင်းစေသဖြင့် လုပ်ကိုင်ခဲ့ရကြောင်း၊ မသဲအိဖြူက ရရှိသည့်ငွေကို တစ်ဝက်ပေးမည်ဟု ပြောခဲ့သော်လည်း မရရှိခဲ့ကြောင်း။

ယင်းမှဆက်လက်မလုပ်ကိုင်လိုတော့၍ဒေ့သည့် အမျိုးသားတစ်ဦးကိုအကူအညီတောင်းခံခဲ့ရာ ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းစိန်မြို့မရဲစခန်း(ပ)၃၉/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မတ် ၃၀ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ မသီတာမိုး(ခ)ချယ်ရီ အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အခြေခံပန်းချီရေးဆွဲနည်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲပြုလုပ်

**သာစည် ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့ နံနက်က အခြေခံပန်းချီရေးဆွဲနည်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲပြုလုပ်ခဲ့သည်။




သင်တန်းဆင်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက သင်တန်းနည်းပြ ဆရာ၊ ဆရာမများကို ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းထူးချွန်ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူးဦးလှထွန်းနှင့် ဌာနဆိုင်ရာများက သင်တန်းနည်းပြများနှင့် ဆုရ ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်များနှင့် ဆုများ ချီးမြှင့်သည်။ ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သင်တန်းပြီးမြောက်သည့် အထိ တက်ရောက်ခဲ့သော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုငွေ တစ်ဦးလျှင် ငွေကျပ် တစ်သောင်းချီးမြှင့်ပေးခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါသင်တန်းများကို မတ်လဆန်းမှ စတင်၍ တစ်လခန့်အကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းများသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၈၇)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Hamish Hamilton က BTS ကို ချီးကျူးစကားပြောကြား

ကမ္ဘာကျော် Hamish Hamilton က BTS အဖွဲ့၏ နောက်ကွယ်မှ ခိုင်မြဲသည့် သံယောဇဉ်ကို ချီးကျူးစကားပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။





BTS အဖွဲ့ဝင်များသည် သူ တစ်ပါးပြောသည်ကို သေချာနားထောင်လေ့ရှိပြီး မေးခွန်းများ မေးတတ်သကဲ့သို့ အကြံဉာဏ်သစ်များလည်း ဝိုင်းပေးတတ်ကြသည်။ အဖွဲ့ဝင်ချင်း စနောက်ကျီစယ်၍ ရယ်မောနေတတ်ကာ ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး လူသားများဖြစ်သော်လည်း တကယ်တမ်း သူငယ်ချင်းခုနစ်ဦးအဖြစ် ရှားပါးစွာ မြင်တွေ့ခဲ့ရသည်ဟု ချီးကျူးစကား ဆိုခဲ့သည်။

ကိုရီးယားအိုင်ဒီတစ်ဦးကမူ နာကျင်စရာ၊ ဝမ်းနည်းစရာ အမှတ်တရများနှင့် ပြည့်နေသည့် ဝွမ်မှ မှန်ရင်ပြင်ကို BTS အဖွဲ့က ဂီတသံနှင့် လှပသော မြင်ကွင်းအဖြစ် ပြောင်းလဲပြသခဲ့ရာ တစ်ကမ္ဘာလုံးက ပေးမောရသည့် ဂီတစင်မြင့်တစ်ခုအဖြစ်နှင့် ခရီးသွားဆွဲဆောင်မှုနေရာတစ်ခုဖြစ်အောင် ဖန်တီးနိုင်ခဲ့သည်ဟု ဆိုသည်။ (SKY)



## ပန်းကန်ဆေးဖတ်များမှ မိုက်ခရိုပလတ်စတစ်ထွက်ရှိမှု ဂျာမနီနိုင်ငံ ဘွန်းတက္ကသိုလ်မှ သုတေသနပြု

နေအိမ်များတွင် နေ့စဉ်အသုံးပြုနေသည့် ပလတ်စတစ်ပန်းကန်ဆေးဖတ်များမှ မိုက်ခရိုပလတ်စတစ် မည်မျှပမာဏထွက်နိုင်ကြောင်းနှင့် ပတ်ဝန်းကျင်အပေါ် မည်မျှအထိ အန္တရာယ်ရှိနိုင်ကြောင်းသိနိုင်ရန် ဂျာမနီနိုင်ငံ ဘွန်းတက္ကသိုလ်မှ သုတေသီများ မကြာသေးမီက တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။


အဆိုပါ သုတေသန၏ ရလဒ်အရ ပန်းကန်ဆေးဖတ်များမှ ပလတ်စတစ်အမှုန်အမွှားများ ထွက်ရှိနေသည်မှာ မှန်ကန်သော်လည်း ပန်းကန်ဆေးခြင်း လုပ်ငန်းစဉ်တစ်ခုလုံး၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိနေကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် မိုက်ခရိုပလတ်စတစ်များသည် ကမ္ဘာ့သမုဒ္ဒရာများ၊ မြေဆီလွှာ၊ လေထုနှင့် သောက်သုံးရေ၊ အစားအစာများအတွင်းအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်သည်။

ကျန်းမာရေးနှင့် ဂေဟစနစ်အပေါ် ကျရောက်လာနိုင်သည့် ဆိုးကျိုးများနှင့် ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်နေသော်လည်း နေ့စဉ်သုံးပစ္စည်းများမှ ထွက်ရှိလာသည့် မိုက်ခရိုပလတ်စတစ် အရင်းအမြစ်များစွာကိုမူ ယခုထက်တိုင် တိကျစွာ နားလည်သဘောပေါက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ (SCI)

## Anne Hathaway ၏ ဖက်ရှင် အကောင်းဆုံးစာရင်းဝင်ခဲ့

၂၀၂၆ခုနှစ် (၉၈)ကြိမ်မြောက် အော်စကာဆုပေးပွဲသို့ အနုပညာရှင်များစွာ တက်ရောက်၍ အနုပညာ ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုခဲ့ကြရာမှ အကောင်းဆုံး စာရင်းဝင် ဖက်ရှင်စတိုင်လ် ကျနသူ သုံးဦးစာရင်းတွင် Anne Hathaway လည်း ပါဝင်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Anne Hathaway သည် ပြစ်မျိုးမှည့်မထင် အလှတရားကို ပိုင်ဆိုင်ထားပြီး အနက်ရောင် ပန်းပွင့် ဖက်ရှင်စတိုင်လ်နှင့် စတိုင်လ်ကျ လှပနေ၍ ဖက်ရှင် အကောင်းဆုံးစာရင်းတွင် ဒုတိယနှင့် ကော်ဇောနီပေါ်တွင် အကောင်းဆုံးမင်းသမီး အော်စကာဆုနှင့် လွဲခဲ့သော်လည်း ဖက်ရှင်စတိုင်လ် ကျနခဲ့သည်။

ပထမနေရာတွင် ပွဲအတွင်း အမျိုးသမီးများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သူ အဖြူရောင်ဝတ်စုံ ဖက်ရှင်နှင့် မင်းသား Timothee Chalamet က ရရှိပြီး တတိယနေရာတွင် အနက်ရောင် ကြက်မွေးဝတ်စုံနှင့် ဆံပင်ဖားလျားချထားသည့် ဖက်ရှင်ဖြင့် ပွဲတက်လာသည့် Demi Moore က ရရှိခဲ့သည်။ (SKY)

## Destroyed My Husband's Other Family ဂျပန်အိမ်ထောင်ရေးဇာတ်ကားဖြစ်

ဂျပန်အချစ်ဇာတ်လမ်းတွဲ Destroyed My Husband's Other Family မှာ ဂျပန် အိမ်ထောင်ရေးဇာတ်လမ်းတွဲဖြစ်ပြီး ပရိသတ်ကြား၌ ရေပန်းစားနေကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါဇာတ်ကားတွင် ဇနီးနှင့် သားကို ဖုံးကွယ်ပြီး မိန်းမပျိုလေးတစ်ဦးကို ချစ်ခဲ့မိ၍ ထိုမိန်းမပျိုလေးက အကြောင်းစုံကို သိရှိသွားခဲ့သည်။

ဂျပန်ဇာတ်လမ်းတွဲတစ်ပုဒ်ကို မျက်ရည်ချူနိုင်သည်အထိ ပုံဖော်ရိုက်ကူးထားရာ မိန်းမပျိုလေးက သားဖြစ်သူကို အရယူနိုင်ပုံကို ကလဲ့စားချေ တင်ဆက်ပြသထားသည်။

ဂျပန်ပရိသတ်ကြား၌ ရေပန်းစားနေသော ဇာတ်လမ်းတွဲတစ်ပုဒ်ဖြစ်ပြီး ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားပြီး နိုင်ငံတကာ ပရိသတ်ကြားတွင်ပါ ရေပန်းစားခဲ့သည်။ (SKY)

## ဗြိတိန်မင်းသား Jordan Wright ဖူးခက်တွင် ကွယ်လွန်

ဗြိတိန်နိုင်ငံ၏ နာမည်ကျော် မင်းသားဂျော်ဒန်ဝိုက်သည် ထိုင်းနိုင်ငံ ဖူးခက်မြို့ ဟိုတယ်တစ်ခုအနီး ရေမြောင်းထဲတွင် ကွယ်လွန်လျက် တွေ့ရှိရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အသက် ၃၂နှစ်ရှိ ဂျော်ဒန်ဝိုက်သည် ဖူးခက်မြို့အနီး သလန်းခရိုင် ရေမြောင်းတစ်ခုထဲတွင် မှောက်လျက်အနေအထားဖြင့် တွေ့ရှိခဲ့ရပြီး သူ့အိတ်ကပ်ထဲတွင် ဟိုတယ် Key Card တစ်ခု ပါရှိခဲ့သည်။ အစပိုင်းတွင် လူသတ်မှုဟု ထင်ကြသော်လည်း ထိခိုက်ဒဏ်ရာမရှိသည်ကို တွေ့ရသည်။

ထူးခြားချက်မှာ စီစီတီဗွီ မှတ်တမ်းအရ မတ် ၁၂ ရက် ညပိုင်း၌ ဟိုတယ်ထဲမှ တစ်ဦးတည်း ပြေးထွက်လာသည်ကို တွေ့ရကာ ဆောက်လုပ်နေဆဲဖြစ်သည့် ဧရိယာနှစ်မီတာနက်သည့် ရေမြောင်းထဲသို့ ဆင်းသွားခဲ့သည်ကို တွေ့ရှိရသည်။

ရဲတပ်ဖွဲ့၏အဆိုအရ ဂျော်ဒန်ဝိုက်သည် စိတ်လွတ်၊ ကိုယ်လွတ်ဖြစ်နေသည့် ပုံစံရှိနေပြီး ညဘက်လည်းဖြစ် မတ်စောက်သော မြောင်းလည်းဖြစ်နေ၍ ပြန်တက်ရန် ကြိုးစားရင်း အသက်ဆုံးရှုံးခဲ့ရသည်ဟု ယူဆကြသည်။ အဖြစ်မှန်သိရှိရန်အတွက် ရင်ခွဲစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။ (SKY)

## Black Pink အဖွဲ့ HYPE နှင့် YG အရုပ်တော်ပုံ ကြားညှပ်နေ

ကမ္ဘာကျော်ဘလက်ပင့်ခ်အဖွဲ့၏ တေးရေးဆရာမ မြောင်ဘွန်းက သူ့အပေါ်တွင် အင်တာတိန်းမင့်က ကောင်းစွာ မဆက်ဆံကြောင်း ပြောကြားထားရာ ဘလက်ပင့်ခ်အဖွဲ့ကို ဝေဖန်နေကြကာ HYPE နှင့် YG အရုပ်တော်ပုံကြားညှပ်နေပြီလားဟု ပရိသတ်က ထင်ကြေးပေးနေကြောင်း ဆွန်ပီဝက်ဘ်ဆိုဒ်တွင် ဖော်ပြသည်။

အဆိုပါ ဖြစ်ရပ်အပေါ် အချို့က HYPE နှင့်ပတ်သက်မှုရှိနေပြီး သီချင်းရေးဆရာမ မြောင်ဘွန်းက အဖွဲ့သစ် အီလစ်သီချင်းများ ပါဝင်လုပ်ကိုင်နေသောကြောင့် ဝိုင်ဂျီက ဘလက်ပင့်ခ်အပေါ် မကောင်းသတင်း ထွက်စေရန် တမင်ဖန်တီးဖြစ်သည်ဟု ထင်ကြေးပေးထားကြသည်။

ပရိသတ်များက အေဂျင်စီများကြား အားပြိုင်မှုတွင် အနုပညာရှင်များကို ကြားညှပ်ဆွဲမသွင်းရန် တောင်းဆိုခဲ့ကြပြီး ဘလက်ပင့်ခ်အဖွဲ့လို နာမည်ကြီးအဖွဲ့ကို အရုပ်တော်ပုံ ကြားညှပ်နေမှုမှာ မသင့်တော်ဟုဆိုကာ စောင့်ကြည့်နေကြသည်။ (SKY)



## Rolling Stones အဖွဲ့ဝင် Bill Wyman ၏ ထူးဆန်းသော မိသားစုတော်စပ်ပုံကို တွေ့ရ

နာမည်ကျော် ရိုလင်းစတုန်း ဂီတအဖွဲ့၏ ဘေ့စ်ဂစ်တာသမား ဘီလ်ဝါမန်း၏ မိသားစုဝင်များ တော်စပ်ပုံမှာ ထူးဆန်းသောဖြစ်ရပ်အဖြစ်တွေ့ရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီလ်ဝါမန်းသည် အသက် (၁၈)နှစ်သာရှိသေးသည့် မန်ဒေစမစ်နှင့် လက်ထပ်ခဲ့ပြီး တစ်နှစ်အကြာ၌ ကွာရှင်းခဲ့ကာ သားဖြစ်သူ စတီဗင်ဝါမန်က မိခင်၏ အမေနှင့် လက်ထပ်ခဲ့၍ ထူးဆန်းသော မိသားစုတော်စပ်မှုဖြစ်ခဲ့သည်။

ဘီလ်ဝါမန်မှာ ယောက်ခမ ယောင်း၏ အဖေနေရာ၊မန်ဒေစမစ်၏ မိခင်ကို သားကလက်ထပ်၍ အဘိုးနေရာရောက်ရှိခဲ့ကာ သား စတီဗင်ဝါမန်က မန်ဒေစမစ်၏ ပထွေးနေရာ ရောက်ရှိခဲ့သည်။ ဘီလ်ဝါမန်က သမီးဖြစ်သူ မန်ဒေစမစ်နှင့် အရင်လက်ထပ်ခဲ့ပြီးသား စတီမင်ဝါမန်က အမေဖြစ်သူနှင့် လက်ထပ်ခဲ့ခြင်းကြောင့် ထူးဆန်းသော တော်စပ်ပုံများဖြစ်ခဲ့ကြသည်။

ထိုခေတ်အခါက ဗြိတိသျှသတင်းစာများတွင် ကမ္ဘာ့အရှုပ်ထွေးဆုံး Family Tree ဟူ၍ ဟိုးလေးတကျော်ဖြစ်ခဲ့ကာ ထူးခြားဆန်းကြယ်လွန်းသည့် လူမှုရေးဖြစ်ရပ်တစ်ခုလည်းဖြစ်ခဲ့သည်။ သားအမိနှစ်ယောက်ကို အဖေနှင့်သားက တစ်ယောက်တစ်လှည့်စီ လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ (SKY)



# အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့် စွမ်းအင်ဈေးကွက် ကြာရှည်စွာထိခိုက်နိုင်ကြောင်း အီးယူသတိပေး

ဘရက်ဆဲလ် ဧပြီ ၁

လက်ရှိ အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် စွမ်းအင်ဈေးကွက်တွင် ကြာရှည်စွာထိခိုက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) စွမ်းအင်ကော်မရှင်နာ ဒန် ဂျော်ဂန်ဆန်က မတ် ၃၁ ရက်တွင် ပြောကြားသည်။

ပဋိပက္ခများ မကြာမီပြီးဆုံးသွားလျှင်ပင် စွမ်းအင်ဈေးကွက်တွင် ထိခိုက်မှုများ ဆက်လက်ရှိနိုင်သည်ဟု ၎င်းက သတိပေးခဲ့သည်။ တုံ့ပြန်ဆောင်ရွက်မှုများကို ညှိနှိုင်းရန်အတွက် ဥရောပသမဂ္ဂ (အီးယူ) စွမ်းအင်ဝန်ကြီးများသည် မတ် ၃၁ ရက်က ဗီဒီယိုအစည်းအဝေး ပြုလုပ်ခဲ့ကြသည်။ ယခုသက်ရောက်မှုများမှာ ကာလတိုသာမဟုတ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) စွမ်းအင်ကော်မရှင်နာက သတိပေးပြောကြားသည်။

မနက်ဖြန်တွင် ငြိမ်းချမ်းရေးရရှိခဲ့မည်ဆိုလျှင်ပင် အကျိုးဆက်များ ဆက်လက်ရှိနေမည်ဟု ၎င်းကဆက်ပြောသည်။ ဒေသတွင်းစွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း အကြီးအကျယ်ပျက်စီးနေပြီဖြစ်သည်။ ပဋိပက္ခများစတင်သည့်အချိန်မှစ၍ ဥရောပသမဂ္ဂရှိ ဂတ်စ်ဈေးနှုန်းမှာ ၇၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ပြီး လောင်စာဆီဈေးနှုန်းများသည်လည်း ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း ၎င်းကပြောသည်။ ထို့ပြင် ရက် ၃၀ ကြာဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် လောင်စာဆီတင်သွင်းမှု ကုန်ကျစရိတ်သည် ယူရို ၁၄ ဘီလီယံအထိ တိုးမြင့်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ဥရောပကော်မရှင်အနေဖြင့် ၂၀၂၂ ခုနှစ် စွမ်းအင်အကျပ်အတည်းကာလက လုပ်ဆောင်ခဲ့ဖူးသည့် ခြေလှမ်းများနှင့် အလားသဏ္ဍာန်တူသည့် ဈေးကွက်သက်ရောက်မှုများကို ဖြေရှင်းရန် အရေးယူဆောင်ရွက်မှုများကို ပြင်ဆင်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## အီရန်မှ နှစ်ပတ်မှ သုံးပတ်အတွင်း ထွက်ခွာတော့မည်ဟု ထရမ့် ပြောပြီးနောက် အာရှစတော့ဈေးကွက်များ မြင့်တက်

**တိုကျို ဧပြီ ၁**

အီရန်နှင့် သဘောတူညီချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်နိုင်ငံမှ နှစ်ပတ်မှ သုံးပတ်အတွင်း ထွက်ခွာတော့မည်ဟု သမ္မတ ဒေါ်နယ်လ်ထရမ့်က ပြောကြားခဲ့ပြီးနောက် ဧပြီ ၁ ရက်နံနက်ပိုင်းတွင် အာရှစတော့ဈေးကွက်များ မြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ နစ်ကေး၂၂၅ အညွှန်းကိန်းသည် ဈေးကွက်ဖွင့်ချိန်တွင် ၄ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ၏ ကိုစပီအညွှန်းကိန်းသည်လည်း ၆ ရာခိုင်နှုန်းထက်မနည်း မြင့်တက်လာသည်။

သို့ရာတွင် အညွှန်းကိန်းနှစ်ခုလုံးသည် ဖေဖော်ဝါရီလ ၂၈ ရက်တွင် စတင်ခဲ့သော အီရန်ပဋိပက္ခမတိုင်မီက အခြေအနေထက် နိမ့်ကျသည့်အဆင့်တွင်သာ ရှိနေသေးသည်။

ဖွန်လတွင် လွှဲပြောင်းပေးရမည့် ဘရန့်ရေနံစိမ်းဈေးနှုန်းသည် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်စည်လျှင် ၁၀၅ ဒသမ ၃၆ ဒေါ်လာအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Mon**

## ပြည်တွင်းဘောလုံးလောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စင်ကာပူအခြေစိုက်ဆီးနည်းပညာကုမ္ပဏီဒေါ်လာ သန်း ၅၀ လှူဒါန်း

**စင်ကာပူ ဧပြီ ၁**

စင်ကာပူအခြေစိုက်ဆီးနည်းပညာကုမ္ပဏီသည် ပြည်တွင်းဘောလုံးလောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စင်ကာပူဒေါ်လာ သန်း ၅၀ (အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၇ သန်း) လှူဒါန်းမည်ဖြစ်ပြီး အားကစားကဏ္ဍအတွက် ပုဂ္ဂလိကကုမ္ပဏီတစ်ခု၏ အကြီးမားဆုံးသော ကတိကဝတ်ပြုမှုဟု စင်ကာပူဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အွန်လိုင်းဈေးဝယ်လုပ်ငန်းတစ်ခုဖြစ်သည့် ရှော့ပီနှင့် ဒစ်ဂျစ်တယ်ဘဏ်ဖြစ်သော မာရီဘဏ်တို့ကိုပိုင်ဆိုင်သည့် အဆိုပါ ပြည်တွင်းအခြေစိုက်ကုမ္ပဏီသည် ယင်းသို့လှူဒါန်းမည့်အစီအစဉ်ကို မတ် ၃၁ ရက်က ကြေညာခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ၏ ဘောလုံးလောကတွင် လူအများပါဝင်လာစေရန်၊ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများ ခိုင်မာစေရန်နှင့် ပိုမိုတက်ကြွသော ဘောလုံးဂေဟစနစ်တစ်ခု ဖြစ်ပေါ်လာစေရန်အတွက် အထောက်အကူပြုနိုင်မည့် အနှစ်သာရရှိသော လုပ်ငန်းစဉ်များတွင် စင်ကာပူဒေါ်လာ ၄၀ သန်းကို အဆင့်လိုက်ခွဲဝေသုံးစွဲသွားမည် ဖြစ်သည်။

ကျန်စင်ကာပူဒေါ်လာ ၁၀ သန်းကို ၂၀၂၆ ခုနှစ် အစောပိုင်းတွင် စင်ကာပူဘောလုံးအဖွဲ့ချုပ်သို့ လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**Mon**







## တရုတ် မာရသွန်ပြိုင်ပွဲများ အရှိန်အဟုန်ဖြင့် ခေတ်စားလာ အသွင်ကူးပြောင်းမှု အဆင့်သစ်သို့ ရောက်ရှိနေပြီဟု ဆို



**ပေကျင်း ဧပြီ ၁**

တရုတ်နိုင်ငံ၏ မာရသွန်ပြိုင်ပွဲများ အရှိန်အဟုန်ဖြင့် ခေတ်စားလာမှုသည် ပြိုင်ပွဲအရေအတွက် လျော့နည်းလာခြင်း၊ ပိုမိုတင်းကျပ်သော ဝင်ခွင့်စည်းမျဉ်းများနှင့် မြင့်တက်လာသော လိုအပ်ချက်များကြောင့် အသွင်ကူးပြောင်းမှု အဆင့်သစ်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နွေဦးရာသီ အပြေးပြိုင်ပွဲများ စတင်လာသည်နှင့်အမျှ ပြိုင်ပွဲအရေအတွက် လျော့နည်းသွားသော်လည်း ပါဝင်ယှဉ်ပြိုင်လိုသူ များပြားလာခြင်းနှင့် စံနှုန်းများ မြင့်မားလာခြင်းတို့မှာ သိသာထင်ရှားသည့် ကွာခြားချက်ဖြစ်လာသည်။

တရုတ်နိုင်ငံ အားကစားအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မာရသွန်ပြိုင်ပွဲပေါင်း ၃၉ ပွဲသာ ကျင်းပခဲ့ပြီး ယင်းသည် ယမန်နှစ်ကာလတူရှိ ၅၇ ပွဲနှင့် နှိုင်းယှဉ်ပါက လျော့နည်းသွားခြင်းဖြစ်သည်။

သို့သော်လည်း အားကစားအပေါ် စိတ်အားထက်သန်မှုမှာ လျော့ကျသွားခြင်းမရှိဘဲ ပါဝင်ယှဉ်ပြိုင်လိုသူ ပိုမိုများပြားလာသည့်အပြင် အဓိကပြိုင်ပွဲကြီးများတွင် လျှောက်ထားသူဦးရေမှာ စံချိန်တင်မြင့်မားလျက်ရှိပြီး ရွေးချယ်ခံရနိုင်ခြေမှာမူ ပိုမိုနည်းပါးလာသည်။

ဤကဲ့သို့ ပြောင်းလဲလာမှုသည် ၂၀၂၅ ခုနှစ် နှောင်းပိုင်းမှ စတင်၍ ထုတ်ပြန်ခဲ့သော ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တင်းကျပ်သည့် လမ်းညွှန်ချက်များနှင့် အများပြည်သူဆိုင်ရာ လမ်းမပေါ်အပြေးပြိုင်ပွဲများအတွက် စမ်းသပ်လုပ်ဆောင်သည့် မူဘောင်များအပါအဝင် မူဝါဒအပြောင်းအလဲများနောက်ပိုင်းတွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## တရုတ်နိုင်ငံ၏ လေထုညစ်ညမ်းမှု သိသိသာသာ လျော့ကျသွား အာတိတ်ဒေသအတွက် အကျိုးကျေးဇူးများ ရရှိလာစေနိုင်

**ပေကျင်း ဧပြီ ၁**

တရုတ်နိုင်ငံ၏ လေထုညစ်ညမ်းမှု သိသိသာသာ လျော့ကျသွားခြင်းသည် အာတိတ်ဒေသအတွက် မမျှော်လင့်ထားသော အကျိုးကျေးဇူးများ ရရှိလာစေနိုင်ပြီး လေထုအတွင်းရှိ အမှုန်အမွှားများကြောင့် ဖြစ်ပွားသည့် မုန်တိုင်းများကို လျော့နည်းစေကာ ပင်လယ်ရေခဲပြင်များ အရည်ပျော်မှုကို သက်သာစေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် တစ်ချိန်တည်းမှာပင် ယင်းကဲ့သို့ အမှုန်အမွှားများ အမြောက်အမြား လျော့ကျသွားခြင်းသည် ကမ္ဘာကြီးပူနွေးမှုကို ပိုမိုမြန်ဆန်စေနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

တရုတ်ပြည်သူများသည် ဆယ်စုနှစ်ပေါင်းများစွာ ဆိုးရွားသော လေထုအရည်အသွေးဒဏ်ကို ခံစားခဲ့ရကြောင်း နော်ဝေနိုင်ငံတကာ ရာသီဥတုသုတေသနစင်တာမှ အကြီးတန်းသုတေသနပညာရှင် ဘဂျွန်းဆမ်ဆက်က ပြောကြားသည်။

ယင်းညစ်ညမ်းမှုများသည် ကမ္ဘာကြီးပူနွေးမှုကို ယာယီအားဖြင့် နှေးကွေးစေခဲ့ပြီး ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရန် အချိန်ရရှိစေခဲ့သော်လည်း ယခုအခါ ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် ဖြစ်ပေါ်လာသည့် ပူနွေးမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို အပြည့်အဝ ရင်ဆိုင်နေရပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ မုန်တိုင်းတစ်ခုချင်းစီသည် တောင်ဘက်မှ ပူနွေးသောလေများကို ရေခဲပြင်များပေါ်သို့ တိုက်ခတ်စေခဲ့သဖြင့် ရေခဲပြင်များ ကွဲအက်ကာ မြောက်ဘက်သို့ တွန်းပို့ခြင်းခံခဲ့ရကြောင်း သိရသည်။ **Mon**

STOP AIDS

## ဗီယက်နမ်လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းစုဖြစ်သော ဗင်းဖတ်စ် ၂၀၂၇ နှောင်းပိုင်းမှသာ အရှုံးအမြတ်မျှခြေသို့ ရောက်ရန် မျှော်မှန်းထား

**ဟနွိုင်း ဧပြီ ၁**

ဗီယက်နမ်လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းစုဖြစ်သော ဗင်းဖတ်စ်အနေဖြင့် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းနှင့်အတူ လုပ်ငန်းချဲ့ထွင်ရန် ကြိုးပမ်းနေခြင်းကြောင့် ၂၀၂၇ ခုနှစ်နောက်ပိုင်းမှသာ အရှုံးအမြတ်မျှခြေအခြေအနေသို့ ရောက်ရှိရန် မျှော်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နာစ်ဒက်စတော့ဈေးကွက်တွင် စာရင်းဝင်ထားသည့် အဆိုပါကုမ္ပဏီသစ်သည် အမေရိကန်နှင့် ဥရောပတို့တွင် ကနဦးတိုးချဲ့မည့် ရည်မှန်းချက်များကို လျှော့ချခဲ့သော်လည်း အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ ဝင်ရောက်ထိုးဖောက်နိုင်ခဲ့သည်။

သို့သော်လည်း လုပ်ငန်းချဲ့ထွင်မှုများအတွက် ကုန်ကျစရိတ်မှာ များပြားလှပြီး ဗင်းဖတ်စ်အနေဖြင့် ပြီးခဲ့သည့်နှစ်တွင် အသားတင်အရှုံးငွေ အမေရိကန်ဒေါ်လာ ၄ ဘီလီယံနီးပါးအထိ ရှိခဲ့သည်။

၂၀၂၂ ခုနှစ်တွင် လျှပ်စစ်ကားသီးသန့်ထုတ်လုပ်သည့် လုပ်ငန်းအဖြစ် ပြောင်းလဲခဲ့သော ဗင်းဖတ်စ်သည် အသားတင်ဝင်ငွေအဆင့်တွင် ၂၀၂၄ ခုနှစ်၌ အမြတ်ရရှိရန် ကနဦးက ရည်မှန်းခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါပန်းတိုင်ကို ယခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## စက်သုံးဆီ အရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

**လယ်ဝေး ဧပြီ ၁**

လယ်ဝေးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက စစ်ဆေးခဲ့သည်။

လယ်ဝေးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များတွင် ဆီထည့်နေစဉ်လိုက်နာရမည့်စည်းကမ်းချက်များ၊ ယာဉ်စက်များစီတန်းရာတွင် ယာဉ်တစ်စီးချင်းအလိုက် ကားတစ်စီးစာချန်လှပ်၍ စီတန်းပေးရန်နှင့် ဆီဖြည့်နေစဉ်အတွင်း Trolley Type မီးသတ်ဆေးဘူးဖြင့် အရေးပေါ် မီးငြိမ်းသတ်နိုင်ရေးတို့အတွက် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်ကွင်းဆင်းစစ်ဆေး



**မန္တလေး ဧပြီ ၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချမှုရှိ၊ မရှိ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၃၁ ရက် နံနက် ၁၁နာရီက ရွှေတောင်တန်းစက်သုံးဆီအရောင်းဆိုင်နှင့် TAL စက်သုံးဆီအရောင်းဆိုင်တို့တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ရေနံနှင့်ရေနံထွက်ပစ္စည်းများ ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ထက်အောင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စုံစမ်းရေးမှူး ဦးခိုင်မင်းစိုး၊ အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ကျော်သူရ၊ အမှတ်(၆)ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ်မြတ်ဆုဝေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူး ဦးဘိုဘိုဝင်းတို့ ပါဝင်သောပူးပေါင်းအဖွဲ့က ပြည်သူများအား သတ်မှတ်ရည်ညွှန်းဈေးအတိုင်းရောင်းချမှု ရှိ၊ မရှိနှင့် သတ်မှတ်ထားသည့် အခြင်အတွယ်များ မှန်ကန်မှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ဝ၄၁)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**မန္တလေး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် ည ၁၁ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် (က)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်းအရောက်၌ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်နေ လူမင်း(၂၃)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA VELLFIRE မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လူမင်းဆိုသူအား ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

အလားတူ မတ် ၂၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ် ပူးပေါင်းစစ်ဆေးရေးဂိတ်ရှေ့၌ ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရွှေဘို-မြစ်ကြီးနားလမ်းအတိုင်း ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ မင်းကုန်းရပ်ကွက်နေ ချစ်ငြိမ်းချမ်း (၃၆)နှစ်ဆိုသူ မောင်းနှင်လာသည့် LANDCRUISER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ချစ်ငြိမ်းချမ်းဆိုသူအား ရွှေဘိုမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**







## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**ပြင်ဦးလွင် ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဒိုးကွင်းကျေးရွာအနီး ပြင်ဦးလွင်-မန္တလေး အဆင်းကားလမ်း မိုင်တိုင်အမှတ် ၃၇ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့ဘက်သို့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ကျေးရွာနေ ဦးညွန့်သန်း (၅၆)နှစ်ဆိုသူ မောင်းနှင်လာသည့် CANDA 125 ဆိုင်ကယ်အား လားရာတူလမ်းအတိုင်း အနောက်မှ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၉)နေ ဦးကျော်ထက်အောင် (၃၇)နှစ်ဆိုသူ မောင်းနှင်လာသည့် FOTON AUMARK မော်တော်ယာဉ်မှ ကျော်တက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးညွန့်သန်း ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ သေဆုံးသွားသောကြောင့် ကျော်ထက်အောင် ဆိုသူအား ပြင်ဦးလွင်မြို့မရဲစခန်းမမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မြို့မ(၁)ရပ်ကွက်၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**မုဒုံ ဧပြီ ၁**

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြို့မ(၁)ရပ်ကွက်၌ ပိုင်ရှင် ဒေါ်သန်းစိန် (၇၇)နှစ်ဆိုသူ၏ ၁၅×၄၀ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ်နေအိမ်တွင် ထင်းမီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်က မုဒုံမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါမီးလောင်မှုကြောင့် ၁၅×၄၀ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဒေါ်သန်းစိန် ဆိုသူအား မုဒုံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦးသေဆုံး

**လယ်ဝေး ဧပြီ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် ည ၁၂ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနား-သာဝတ္တိမြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၂၀၉ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံအကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အေလာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း အေလာလေဆိပ်လမ်းဆုံမှ ကြာအင်းကျေးရွာဘက်သို့ ကြာအင်းကျေးရွာနေ ဝေယံထွန်း (၂၁)နှစ် ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ကုလား(၁၉)နှစ်ဆိုသူ လိုက်ပါလာသည့် ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ လားရာတူရှေ့မှ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ခွေးအိပ်ချောင်းကျေးရွာနေ ကိုနိုင်(၂၈)နှစ် ဆိုသူ မောင်းနှင်သည့် CHEN GLONG တွဲမော်တော်ယာဉ်အား အနောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဝေယံထွန်းနှင့် ကုလားတို့ နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ဝေယံထွန်း ဆိုသူအား အေလာနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ဒါနဆိုတာ ရယူခြင်း

စိန်မောင်ဌေး(အမရပူရ)

အချိန်အခါသည် မြန်မာသက္ကရာဇ် ၁၃၂၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ (၁၅-၁၀-၆၂) တနင်္လာနေ့ ဖြစ်၏။ နေရာဌာနမှာ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မင်္ဂလာရိပ်သာဓမ္မာရုံ ဖြစ်၏။ နေ့လယ်ပိုင်း အလှူအကြိုတရားပွဲ ဖြစ်သည်။ မိုးကုတ်ဆရာတော်ကြီး၏ သာဝက ဒကာရင်းများ ဖြစ်ကြသော မိုးကုတ်မြို့နေ ဦးချစ်လှ+ဒေါ်သောင်းတို့က လပြည့်ကျော် ၃ ရက်နေ့ သားရှင်ပြုအလှူပွဲနှင့် ၄ ရက် ကထိန်အလှူပွဲတို့အတွက် တစ်ရက်ကြိုတင်ကျင်းပသော တရားပွဲဖြစ်သည်။ (မိုးကုတ်ဆရာတော်ကြီးသည် ၄င်းလပြည့်ကျော် ၄ ရက်တွင် ခန္ဓာဝန်ချတော်မူသည်။) မိုးကုတ်ဆရာတော်ကြီး ခန္ဓာဝန်မချမီ နှစ်ရက်အလို ဟောကြားခဲ့သော တရားတော်ဖြစ်ပါသည်။

**မိုးကုတ်ဆရာတော်ကြီး ဟောကြားခဲ့သော ဒါနဆိုတာ ရယူခြင်း တရားတော်**

အလှူပေးတယ်ဆိုတာ လှူဖွယ်ပစ္စည်းဝတ္ထုတွေကို အလှူခံပုဂ္ဂိုလ်သို့ ပေးပို့လှူဒါန်းရတာ ဖြစ်သည်။ ဒါကြောင့် လှူတယ်ဆိုတာ ကိုယ်ရှိတာပိုင်တာတွေ ကုန်သွားတယ်လို့ ဆိုကြတယ်။ အဲ့ဒီစကား လွဲပါတယ်။ ဘာကြောင့် လွဲမှားသလဲလို့ စောဒကတက်ကြလိမ့်မယ်။ စောဒကမတက်ချင်ကြပါနဲ့။ လှူဖွယ်ပစ္စည်းတွေ အလှူခံပုဂ္ဂိုလ်ထံ ရောက်သွားပေမဲ့ အလှူရှင်မှာ ကိုယ်ပိုင်ရလိုက်ပါတယ်။

(မိုးထဲရွာထဲမှာ အိမ်တစ်အိမ် မီးလောင်နေတယ်ဆိုရင် လူတွေက ရပ်ကြည့်နေလျှင် အိမ်ပေါ်က ပစ္စည်းပြောင်သွားရုံပဲ ရှိပေလိမ့်မည်။ ရပ်မကြည့်ဘဲ မီးထဲက သယ်နိုင်သရွေ့ သယ်ယူထားကြလျှင် သယ်ယူနိုင်သလောက် ရရှိလိုက်ကြတယ်။)

ခန္ဓာကိုယ်က ဇာတိမီး၊ ဇရာမီး၊ မရဏမီး လောင်မြိုက်နေတာ ရန်သူမျိုးအပေါင်းကလည်း ထိုအိမ်ရှိပစ္စည်းတွေ ရယူမယ်ဆိုပြီး စောင့်စားနေကြတယ်။ ခန္ဓာကိုယ်ကလည်း မီးလောင်၊ ရန်သူမျိုး ငါးပါးကလည်း ပစ္စည်းတွေ ယူဆောင်သွားခြင်းဖြင့် မီးလောင်နေတယ်လို့ ဆိုရပေမယ်။ ယခုအခါ ဒါနပြုပြီး မီးမလောင်နိုင်တဲ့နေရာ ပို့ထားလိုက်ပါသဖြင့် ထိုပုဂ္ဂိုလ်၏ ကိုယ်ပိုင်ပစ္စည်း အစစ်အမှန် ဖြစ်ပါတော့တယ်။ အလှူပွဲကြီးက ကြီးကျယ်ခမ်းနားလှပါတယ်။ သံဃာအပါး ၂၀၀ အား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ခြင်ထောင်၊ တဘက်၊ ပဝါ စသည်တို့ကို လှူဒါန်းရာတွင် အလှူခံပုဂ္ဂိုလ်တို့မှာ ပစ္စည်းဝတ္ထု ရရှိလိုက်ကြတယ်။ အလှူရှင်မှာမူ သူတော်ကောင်းတရား ရတနာများ ရရှိကြတယ်။ နိဗ္ဗာန်သွားခရီးစရိတ် ရတနာဖြစ်သော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဆိုတဲ့ သူတော်ကောင်း ရတနာများ ရရှိတယ်။ ဒါကြောင့် အလှူရှင်များ ကုန်သွားတယ်လို့ မဆိုထိုက်၊ ရလိုက်တယ်ဟု ဆိုသင့်ပေတယ်။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ဆုတောင်းပြီး လှူဒါန်းကြရင် လူ့ပြည်၊ နတ်ပြည်ရောက်မှာ သေချာ ပါတယ်။ သို့သော် မီးလောင်စရာ ခန္ဓာပဲ ပြန်ရသောကြောင့် ဉာဏ်မပါဘဲ အသုံးမကျတာကို ဆွဲထုတ်ခြင်းကြောင့် မျက်စိမမြင်တဲ့ ပုဂ္ဂိုလ်ရဲ့ ဆွဲထုတ်ခြင်းမျိုး ဖြစ်ပါတယ်။

မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်ရောက်ကြောင်းကို မဂ္ဂင်ဖြင့်သာ ဆွဲထုတ်ပါတော့မယ်ဆိုပြီး ယနေ့ အလှူပွဲဆင်နွှဲသည့်အတွက် နောက်နောင် မီးမလောင်နိုင်သည့် ပစ္စည်းကို ရရှိလိုက်ပါတယ်။ နိဗ္ဗာန်ဆိုတာ ၁၁ မီးတို့၏ ငြိမ်းရာ ဌာနဖြစ်တယ်။ နိဗ္ဗာန်ကို မီးလောင်သည့် အထဲမှ ဆွဲထုတ်ယူလိုက်သဖြင့် အဖိုးမဖြတ်နိုင်သော ဆွဲထုတ်ခြင်းမျိုး၊ မျက်စိအမြင်သန်သည့်ပုဂ္ဂိုလ်၏ ဆွဲထုတ်ခြင်းမျိုး ဖြစ်ပါတယ်။

လူနတ်ဗြဟ္မာ သတ္တဝါဟု သညာက လှည့်လိမ်ထားအပ်သော ခန္ဓာအိမ်ကို ဇရာ၊ မရဏ စသော မီး ၁၁ တန်တို့ ဝန်းရံမစဲ အမြဲတောက်လောင်နေတယ်။ ထိုသို့လောင်နေစဉ် စွန့်ကြဲပေးကမ်းလှူဒါန်းဝေငှ မြတ်ဒါနဖြင့် ကိုယ်ပိုင်ဥစ္စာရဖို့ရာ လုံ့လစိုက်ထူ ဆွဲငင်ထုတ်ယူလိုက်ရာ၏။ ဝေဖန်ခွဲခြားလှူဒါန်းပြီးသမျှကား မိမိတွက်တာ ကိုယ်ပိုင်ဥစ္စာဖြစ်သဖြင့် ကောင်းစွာထုတ်ယူအပ်သည်မည်ပါတော့၏။

လှူဒါန်းသည့် ပစ္စည်းများက သုခနိဗ္ဗာန်ကို ဆွဲထုတ်လိုက်တဲ့ ပစ္စည်းက ပို့ဆောင်ပေးတယ်။ ဒါကြောင့် နိဗ္ဗာန်ကိုသာ ဆုတောင်းကြဖို့ အရေးကြီးပါတယ်။

ဆွမ်း၊ ဟင်းတို့ကို လှူဒါန်းပေးသောသူသည် ခွန်အားဗလကို ပေးလှူတယ်မည်၏။ အဝတ်သင်္ကန်းကို ပေးလှူသောသူသည် အရောင်အဆင်းကို ပေးလှူသည် မည်၏။ ယာဉ်အလှူကို ပေးလှူသောသူသည် ဣရိယာပုတ်လေးပါး ချမ်းသာခြင်းကို ပေးလှူသည် မည်၏။ ထီး၊ ဖိနပ် လှူတာက မော်တော်ကားလှူတာနဲ့ အတူတူပဲ။ ဆီမီးလျှပ်စစ်အရောင်အလင်းကို လှူသောသူသည် မျက်စိအလင်းကို ပေးလှူသည် မည်၏။ အလှူပွဲတွင် မီးသီး၊ မီးချောင်း အလင်းရောင်တို့ကို လှူဒါန်းသောကြောင့် မျက်စိကို လှူဒါန်းရာလည်း မည်၏။ အများမှီခိုရာ ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ အရိပ်အာဝါသကို ပေးလှူသောသူသည် အလုံးစုံကို ပေးလှူသည် မည်၏။

လူသားအားလုံးတို့သည် မိခင်ဝမ်းခေါင်းမှ လာခဲ့ကြရတယ်။ အလွန်သေးငယ်သော ကလလ ရေကြည်လေးကစပြီး သန္ဓေတည်လာခဲ့ရတယ်။ အပေါ်က အစာသစ်နှင့် အောက်က အစာဟောင်း အညစ်အကြေးကြား နေခဲ့ရတယ်။ ဇာတိဒုက္ခဆိုသည့်အတိုင်း မိခင်ဝမ်းထဲမှာ ဒုက္ခဖြင့် နေခဲ့ကြရတယ်။ ဇနန်ဇာတိဆိုသည်နှင့်အညီ ဇာတိဒုက္ခကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားက ပရမတ္ထသရူပ ဘေဒနီကျမ်းမှာ၊ သမ္မောအဝိနောဒနီအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌လာသည့်အတိုင်း လင်္ကာဖွဲ့ ဆိုထားပါတယ်။

"စာသစ်စာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံ့ညှီလောင်း ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်ခွဲလောက်လို ကျောကို ဝမ်းပြူးဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက် မေးကြားလက်ဆုပ် သစ်ငုတ်တိုမှာ ၊ မျောက်အိုကုပ်သည့်နှယ်၊ မလှုပ်မယှက် သေသောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ပာယ်မိမြွေငယ်ချိုသို့ အမိစပ်ခါး ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တစေဆယ်လနေ၍၊ လေကမ္မဇ၊ ဦးဆောင်ချသား၊ မင်္ဂဝသို့ ရောက်သံကောက်ပေါက်မှ၊ ဆွဲမြောက်ဆင်ပြောင်၊ သံတောင်ကြိတ်ချေပုံနေရယိက ၊ ပြင်သို့ကျလည်း၊ အပ်စွသည့်ဟန်၊ ကြီးပြန်ဒုက္ခပြစ်များလှသည်၊ လက်စဇာတိ မူရင်းတည်း။"

ဇိရဏ်ဇရာဆိုသည့်အတိုင်း ကြီးကြီးလာတာ ရင့်ရင့်လာတာ ဇရာဖြစ်တယ်။ ဇာတိဒုက္ခပြီး ဇရာဒုက္ခဆက် တွေ့တော့တယ်။ ဤခန္ဓာကိုယ်ကြီးက အစဉ်အတိုင်း သွားနေသဖြင့် ရောဂါဝေဒနာတွေရ၊ ဆရာဝန်ခေါ်ပြီး ကုသကြရတယ်။ ကိုယ့်ဆေးကို ကိုယ်မသောက်နိုင်၊ ကျင်ကြီး၊ ကျင်ငယ် မစွန့်နိုင်၊ ကိုယ့်အဝတ်မှ ကိုယ်မဖုံးနိုင်သော ဗျာဓိဒုက္ခလည်း တွေ့ရဦးမယ်။ ဒါတွေက ခန္ဓာလမ်းစဉ်ပါပဲ။

ဇိရဏ်ဇရာဆိုသည့်အတိုင်း ကြီးကြီးလာတာ ရင့်ရင့်လာတာ ဇရာဖြစ်တယ်။ ဇာတိဒုက္ခပြီး ဇရာဒုက္ခဆက် တွေ့တော့တယ်။ ဤခန္ဓာကိုယ်ကြီးက အစဉ်အတိုင်းသွားနေသဖြင့် ရောဂါဝေဒနာတွေရ၊ ဆရာဝန်ခေါ်ပြီး ကုသကြရတယ်။ ကိုယ့်ဆေးကို ကိုယ်မသောက်နိုင်၊ ကျင်ကြီး၊ ကျင်ငယ် မစွန့်နိုင်၊ ကိုယ့်အဝတ်မှ ကိုယ်မဖုံးနိုင်သော ဗျာဓိဒုက္ခလည်း တွေ့ရဦးမယ်။ ဒါတွေက ခန္ဓာလမ်းစဉ်ပါပဲ။

**မရဏ**

နောက်ဆုံး သေခါနီး ဒုက္ခဆိုတဲ့ မရဏဒုက္ခလည်း လာလိမ့်ဦးမယ်။ အကုသိုလ်တွေ ပြုထားသည့် ပုဂ္ဂိုလ်များမှာ နာကျင်ကိုက်ခဲသည့် ဝေဒနာတွေ ဖြစ်ပေါ်လာတတ်တယ်။ အကြောတွေက ဟိုဆွဲ၊ ဒီဆွဲ ခန္ဓာကိုယ်ကို ဟိုဘက်စောင်းချင်၊ ဒီဘက်စောင်းချင် အငြိမ်မနေ ဝမ်းထဲကပူလို့ မနေနိုင်၊ သေခါနီး ဒုက္ခက ပိုပြီးဆိုးတယ်။ ဒါတွေဟာ ခန္ဓာရှိလို့ ဖြစ်ကြရတာ။

ဤအသေမျိုး ရောက်ချင်ပါသေးတယ်ဆိုရင် ဇာတိပြန်လှည့်တော့မည်။ သေဆုံးပြီးနောက် ပဋိသန္ဓေ တစ်ခါ ပြန်လှည့်ရလိမ့်မည်။ 'ဇာတိမရဏသာရံ'ဟု ဆိုသဖြင့် မွေး၊ သေ သံသရာလည်နေကြရတယ်။ ဇာတိကလာခဲ့ကာ သေပြီးနောက် ဇာတိပြန်ရလျှင် ပဋိစ္စသမုပ္ပါဒ်အဝိုင်းအတိုင်း ခန္ဓာအစဉ်လည်တော့မယ်။ ဤသို့ဖြင့် အဝိုင်းပေါင်း။ အပတ်ပေါင်း မရေတွက်နိုင်တော့ပြီ။ သံသရာပြတ်ချင်သည့် ဉာဏ်မလည်ချင်သည့် ဉာဏ်ဖြင့် ဤလှူဒါန်းဖွယ်ရာတို့ကို လှူဒါန်းပါ၏ ဟု နိဗ္ဗာန်တစ်ခုကိုသာ ရည်မှန်းပြီး ဆုတောင်းကြကုန်ရာ သတည်း။

နောက်ဆုံး သေခါနီး ဒုက္ခဆိုတဲ့ မရဏဒုက္ခလည်း လာလိမ့်ဦးမယ်။ အကုသိုလ်တွေ ပြုထားသည့် ပုဂ္ဂိုလ်များမှာ နာကျင်ကိုက်ခဲသည့် ဝေဒနာတွေ ဖြစ်ပေါ်လာတတ်တယ်။ အကြောတွေက ဟိုဆွဲ၊ ဒီဆွဲ ခန္ဓာကိုယ်ကို ဟိုဘက်စောင်းချင်၊ ဒီဘက်စောင်းချင် အငြိမ်မနေ ဝမ်းထဲကပူလို့ မနေနိုင်၊ သေခါနီး ဒုက္ခက ပိုပြီးဆိုးတယ်။ ဒါတွေဟာ ခန္ဓာရှိလို့ ဖြစ်ကြရတာ။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ဆုတောင်းပြီး လှူဒါန်းကြရင် လူ့ပြည်၊ နတ်ပြည်ရောက်မှာ သေချာ ပါတယ်။ သို့သော် မီးလောင်စရာ ခန္ဓာပဲ ပြန်ရသောကြောင့် ဉာဏ်မပါဘဲ အသုံးမကျတာကို ဆွဲထုတ်ခြင်းကြောင့် မျက်စိမမြင်တဲ့ ပုဂ္ဂိုလ်ရဲ့ ဆွဲထုတ်ခြင်းမျိုး ဖြစ်ပါတယ်။

**မိုးကုတ်ဆရာတော်ကြီး၏ ရေစက်ချတရားတော်**

'ဘန္တေအရှင်ဘုရား၊ မယံ - အကျွန်ုပ်တို့သည် ဤမိနာဒါနဉ္စေနစ' -

ဤသို့ ပေးလှူရသော ကုသိုလ်ကံစေတနာကြောင့်လည်းကောင်း၊ ဤမိနာသီလပုညေနစ - ဤသို့ ဆောက်တည်ရသော သီလကုသိုလ်ကံ စေတနာကြောင့်လည်းကောင်း၊ အညေဟိ-တစ်ပါးကုန်သော ပုညေဟိစ၊ အနမဝေဂ္ဂသံသရာမှစ၍ ယခုဘဝတိုင်အောင် ပြုလုပ်ဆည်းပူးခဲ့ကြသော ကုသိုလ်ကံစေတနာတို့ကြောင့်လည်းကောင်း၊ အဇာတိ-ပဋိသန္ဓေမနေရာစင်စစ်ဖြစ်သော၊ အဇရံ-မအိုရာ စင်စစ်ဖြစ်သော၊ အဗျာဓိ-ကိုးဆယ့်ခြောက်ဖြာ အနာရောဂါ ညှင်းဆဲရာ မရှိသော၊ အမတံ-မသေရာစင်စစ်ဖြစ်သော၊ သီဝံ-ဇာတိ ဇရာ ဗျာဓိ မရဏ စသည် ထောင်သောင်း ဘေးအပေါင်းတို့၏ ငြိမ်းရာဖြစ်သော၊ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို ကုဋ္ဌတဝရေနှ-အလိုရှိအပ် တောင်းတအပ်သော ဆုထူးဆုမြတ်နှင့် သစ္စိကရေယျာမ- မငြိုမငြင်ဆောလျှင် ကူးမြောက် မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား' -

**(၂၀၁၂ ခု အောက်တိုဘာလတွင် ကျင်းပခဲ့သော မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်ပူဇော်ပွဲတွင် မန္တလေး အရှင်ဝဏ္ဏိတ မဟာဓမ္မာစရိယ ရေးသားပူဇော်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဝေသော 'ဒါနဆိုတာ ရယူခြင်း' စာအုပ်ကို ကိုးကားရေးပါသည်။)**



# နိုင်ငံတကာ အားကစား သတင်းများ



## ဆွီဒင်အသင်းက ပိုလန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဧပြီ ၁**

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဝင်ခွင့်(ဥရောပဇုန် Play-Offs ဗိုလ်လုပွဲ)အဖြစ် ယနေ့ နံနက်ပိုင်းက ဆွီဒင်အသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွီဒင်အသင်းက ပိုလန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆွီဒင်အသင်းသည် ယခုနိုင်ပွဲကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိနိုင်ခဲ့ပြီဖြစ်သည်။

ဆွီဒင်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၀မိနစ်တွင် အီလန်ဂါ၊ ပွဲချိန် ၄၄မိနစ်တွင် လီဂါဘီယက်ကီ၊ ပွဲချိန် ၈၈မိနစ်တွင် ဂျော်ကာရက်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆွီဒင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၅ရက်တွင် တူနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## နည်းပြ အော်တိုအက်ဒိုအား နည်းပြရာထူးမှ ဂါနာအသင်းထုတ်ပယ်

**လန်ဒန် ဧပြီ ၁**

ဂါနာလက်ရွေးစင်အသင်းသည် အသင်းနည်းပြ အော်တိုအက်ဒိုအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့သည်။

ဂါနာလက်ရွေးစင်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲ ငါးပွဲစလုံး ရှုံးနိမ့်ခဲ့ခြင်းကြောင့် နည်းပြ အော်တိုအက်ဒိုအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ အော်တိုအက်ဒိုသည် ဂါနာလက်ရွေးစင်အသင်းအား ၂၀၂၄ခုနှစ် မတ် ၁၅က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၂ပွဲတွင် ၈ပွဲနိုင်၊ ၅ပွဲသရေ၊ ၉ပွဲရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဂါနာဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်ချက်တွင် "နည်းပြ အော်တိုအက်ဒိုအား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)**

**(NGB)**

## နည်းပြ ဒီဇာဘီအား နည်းပြသစ်အဖြစ် စပါးအသင်းခန့်အပ်



**လန်ဒန် ဧပြီ ၁**

စပါးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဒီဇာဘီအား ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် စပါးအသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဒီဇာဘီသည် နည်းပြဘဝတစ်လျှောက်တွင် မာဆေးလ်၊ ဘရိုက်တန်၊ ဆက်ဆူအိုလို စသည့် ကလပ်အသင်းများအပြင်၊ အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် စပါးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။


အသက်(၄၆)နှစ်အရွယ်ရှိ နည်းပြ ဒီဇာဘီက "ကျွန်တော် စပါးအသင်း နည်းပြအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ စပါးအသင်းအောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**

## ကူကူရယ်လာ ချဲလ်ဆီးအသင်းမှ ထွက်ခွာဖွယ်ရှိ

**လန်ဒန် ဧပြီ ၁**

ချဲလ်ဆီးအသင်း နောက်ခံကစားသမား ကူကူရယ်လာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများကဖော်ပြခဲ့သည်။



အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်း အပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ကူကူရယ်လာသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၄ပွဲကစားပြီး ၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် နောက်ခံကစားသမားကူကူရယ်လာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ချဲလ်ဆီးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လည်း ဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် မန်ယူအသင်း ကွင်းလယ်ကစားသမား ကက်စီမီရိုအား ခေါ်ဆောင်ပေးရန် အသင်းထံ တိုက်တွန်းပြောကြားခဲ့သည်။

* အီတလီအသင်းသည် ဘော့စနီးယားအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့မှုကြောင့် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့ပြီဖြစ်သည်။

**(NGB)**

## အန်ဒရေဂျ်ကိုစတစ်အား အေစီမီလန်အသင်းခေါ်ယူ

**မီလန် ဧပြီ ၁**

အေစီမီလန်အသင်းသည် FK ပါတီဇန်အသင်း တိုက်စစ်မှူး အန်ဒရေဂျ်ကိုစတစ်အား ၂၀၃၀ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ် ဘောလုံးရာသီကုန်မှသာ အေစီမီလန်အသင်းနှင့် လာရောက်ပူးပေါင်းမည်ဖြစ်သည်။

တိုက်စစ်မှူး အန်ဒရေဂျ်ကိုစတစ်သည် FK ပါတီဇန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး အန်ဒရေဂျ်ကိုစတစ်အနေဖြင့် အနာဂတ်တွင် အေစီမီလန်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## မက်ဆီ နိုင်ငံအသင်းပေါင်း ၄၀ ထိ ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်

**လန်ဒန် ဧပြီ ၁**

အာဂျင်တီးနားလက်ရွေးစင်အသင်းတိုက်စစ်မှူး မက်ဆီသည် နိုင်ငံအသင်းပေါင်း ၄၀ထိ ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက ဇမ်ဘီယာအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။



တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၅မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၉၈ပွဲကစားကာ ၁၁၆ဂိုးထိ သွင်းယူခဲ့သည်။

မက်ဆီက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေအပြင်၊ အောင်မြင်မှုများရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## 2026 Upper Austria Ladies Linz တင်းနစ်ပြိုင်ပွဲ ဧပြီ ၆ရက်တွင် စတင်မည်



**လင့်စ် ဧပြီ ၁**

ဩစတြီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Upper Austria Ladies Linz တင်းနစ်ပြိုင်ပွဲကို လာမည့် ဧပြီ ၆ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Upper Austria Ladies Linz တင်းနစ်ပြိုင်ပွဲကို ဧပြီ ၆ရက်မှ ၁၃ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Upper Austria Ladies Linz တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Upper Austria Ladies Linz တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ရုရှားတင်းနစ်မယ် Ekaterina Alexandrova ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## ဆာလာအား ခေါ်ယူရန် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ကမ်းလှမ်း

**လန်ဒန် ဧပြီ ၁**

ဥရောပထိပ်သီးကလပ်အသင်းနှစ်သင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် လီဗာပူးအသင်းမှ ထွက်ခွာမည်ဖြစ်သော တိုက်စစ်မှူး ဆာလာအား ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင်၊ လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃၅ပွဲကစားကာ ၂၅၅ဂိုး သွင်းယူပြီး ခြေစွမ်းပြထားခြင်းကြောင့် ဥရောပထိပ်သီးကလပ်အသင်းနှစ်သင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာအနေဖြင့် လက်ရှိအချိန် ဆော်ဒီကလပ်အသင်းများ၏ ကမ်းလှမ်းမှုများ ရှိနေသော်လည်း ယခုလို ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ကမ်းလှမ်းလာမှုကို ငြင်းပယ်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ဆာလာအား ခေါ်ယူနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ယာပုံ)**

**(NGB)**

0-0-0-0-0-0



## စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



**ပုသိမ်ကြီး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

ဦးစွာ စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မမ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်စောယုသွယ်တို့က ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မီမီစိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကကြီးများနှင့်အဖွဲ့သည် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**စာနည်ကိုကို(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း စီးပွားရေးအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဧပြီ ၁**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ကြီးမှူးဖွင့်လှစ်သော လူငယ်များစီးပွားရေးအခြေခံ အသိပညာများ ဖွံ့ဖြိုးစေရေးရည်ရွယ်ဖွင့်လှစ်သည့် Start Your Bu-siness(SYB)သင်တန်းဆင်းပွဲကိုမတ် ၃၁ ရက် မွန်းလွဲ ၃ နာရီက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်၍ သင်တန်းနည်းပြဆရာများနှင့် ပံ့ပိုးကူညီသူများကို အမှတ်တရလက်ဆောင်များပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

သင်တန်းကို လူငယ်များ စီးပွားရေးအသိပညာများ ဖွံ့ဖြိုးပြီး လုပ်ငန်းရှင်များဖြစ်စေရန် ရည်ရွယ်၍ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၄၅)

## မဟာဝိဇယ သာသနာပြု ယောဂီအဖွဲ့ စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ နားသ၊ သီလရှင်ဝတ် အလှူတော်ကျင်းပမည်

**မန္တလေး ဧပြီ ၁**

မန္တလေး၊ လမ်း၆၀ရှိ မဟာဝိဇယကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တဝိစာရ(သဒ္ဓမ္မဇောတိကဓဇ)နှင့် တိုက်အုပ်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တနန္ဒက(မဟာဂန္ထဝါစကပဏ္ဍိတ)တို့နှင့် မဟာဝိဇယသာသနာပြုယောဂီအဖွဲ့တို့ ဦးဆောင်၍ ယခုနှစ် သင်္ကြန်အကြိမ် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ နားသ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲကြီးကို တန်ခူးလပြည့်ကျော် ၅ ရက် ၂၀၂၆ ခုနှစ် ဧပြီ ၆ ရက် တနင်္လာနေ့ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျောက်ဆည်ခရိုင် ဟန်မြင့်မိုရ်ကျေးရွာ၊ ရွှေဦးကျောင်းတိုက်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အလှူမင်္ဂလာအကြိုတရားပွဲအဖြစ် တန်ခူးလပြည့်ကျော် ၂ ရက်တွင် မဟာဝိဇယဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ၊ တန်ခူးလပြည့်ကျော် ၃ ရက်တွင် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အရှင်မြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ အလှူတော်မင်္ဂလာတွင် မောင်ရှင်လောင်း ၃၂ ပါးနှင့် နားသ ၁၈ ပါးတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်ပြီး အလှူပွဲနေ့ နံနက် ၉ နာရီခွဲတွင် ရဟန်းလောင်းများအား သိမ်ဆင်းလောင်းလှူသွားမည်ဖြစ်သည်။ ဖျော်ဖြေရေးနှင့်ပတ်သက်၍ မန္တလေးမြို့ ကျက်သရေဆောင် 'စနေမ' အမျိုးသမီးဆိုင်းအဖွဲ့နှင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ပြီး ရွှေဦးကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(မင်္ဂလာဓဇဇောတိက)ကျောင်း၌ အလှူမင်္ဂလာပွဲကို ဆင်ယင်ကျင်းပသွားမည်ဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ တက်ရောက် ကြည်ညိုနိုင်ကြောင်း မဟာဝိဇယကျောင်းတိုက် အကျိုးဆောင်အဖွဲ့မှ ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။

(ဝ၅၁)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## ASIA Fruit Logistica 2026 South East Asia Meet Up (Thailand) သို့ တက်ရောက်ရန် ဖိတ်ကြားထား

**မန္တလေး ဧပြီ ၁**

Global Produce Event (HK)Co.,Ltd မှ ကြီးမှူးကျင်းပသည့် ASIA Fruit Logistica 2026 South East Asia Meet Up ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ JW Marriott Hotel တွင် ၂၀၂၆ ခုနှစ် မေ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲသည် နှစ်စဉ်ကမ္ဘာတစ်ဝန်းမှ သီးနှံထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများနှင့် ကုမ္ပဏီများ စုစုပေါင်း ၃၀၀ မှ ၄၀၀ ကျော် တက်ရောက်လေ့ရှိသည့် နိုင်ငံတကာအဆင့်မီ ပြပွဲတစ်ခုဖြစ်ပြီး ယခုနှစ်တွင် MF-VP အနေဖြင့် မိတ်ဖက်အဖွဲ့အစည်း(Partner)အဖြစ် ပါဝင်ခွင့်ရရှိထားကြောင်း သိရသည်။

ပွဲတက်ရောက်ခြင်းအားဖြင့် MFVP အသင်းဝင်များ၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို နိုင်ငံတကာကုမ္ပဏီများထံ ပိုမိုမိတ်ဆက်နိုင်မည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးများကိုလည်း တိုးချဲ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာ့ဈေးကွက်သို့ မိမိလုပ်ငန်းများကို ကြော်ငြာနိုင်ခြင်းနှင့် အရောင်းအဝယ်အခွင့်အလမ်းသစ်များ ရှာဖွေနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် အသင်းဝင်ကုမ္ပဏီများအနေဖြင့် အောက်ပါလင့်ခ် https://www.asiafruitlogistica.com/meet-ups-2026-se-asia/? မှတစ်ဆင့် စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း ဖိတ်ကြားထားသည်။

**(မန္တလေးနေ့စဉ်-၈)**

## မြိုင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု စစ်ဆေး



စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။ (ဝဲပုံ)

**မြစ်သား ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြိုင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ မြိုင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ...

အဆိုပါ မြိုင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ၄၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ် ၃ ဒသမ ၇၇ သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၈ ဒသမ ၇၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

မြိုင်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ထောင်စု ၂၂၆ စု၊ လူဦးရေ ၉၁၀ ဦးအတွက် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)

## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ကန့်ဘလူ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ပေါ်ရှိ ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်းများသို့ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဌေးဝင်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်သူနှင့် တပ်ဖွဲ့ဝင်များက ကန့်ဘလူမြို့ အမှတ်(၄)ရပ်ကွက်ရှိ ရူဝံကိုယ်ပိုင်အထက်တန်းဆင့်သင် ကျောင်းသို့သွားရောက်ပြီး ကျောင်းနှင့်ပတ်သက်ပြီး ပြည့်စုံရမည့်အချက်များ၊ မီးသတ်ဆေးဘူးထားရှိမှု၊ မီးသတ်ရေကန်၊ မီးချိတ်မီးကပ်များ၊ သဲထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ကျောင်းတာဝန်ရှိသူများအား အကြံပြုဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ၂၀၂၆ ခုနှစ် "လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် **"လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှမန်းသင်္ကြန်ပွဲ"**ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထိုက်တန်စွာ ဆုချီးမြှင့်ပါမည်။

ပြိုင်ပွဲစည်းကမ်းချက်များ

၁။ ပြိုင်ပွဲဝင်တစ်ဦးသည် ဓာတ်ပုံအရွယ်အစား(၁၀ လက်မ၊ ၁၄ လက်မ)အလျားလိုက် ရောင်စုံဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်သူ အမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိက ဆုစာရင်းပယ်ဖျက်ပါမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် အောက်ပါအချက်အလက်များ ပါဝင်ရမည်။
   (က) မန္တလေး၏အငွေ့အသက်
   (ခ) မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်
   (ဂ) သင်္ကြန်အငွေ့အသက်
   (ဃ) သနပ်ခါးနှင့် လက်ဖက်ယဉ်ကျေးမှုကို ဖော်ကျူးပြသခြင်း။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလ လမ်းလျှောက်သင်္ကြန်ပွဲအတွင်း ရိုက်ကူးထားသော ပုံများဖြစ်ရပါမည်။ ပြိုင်ပွဲဝင်ပုံများသည် အခြားပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရထားပြီးပုံများ မဖြစ်စေရ။ စီးပွားရေးကြော်ငြာများ၊ မီဒီယာများနှင့် Website များတွင် အသုံးပြုပြီးပုံများ မဖြစ်စေရ။ ၎င်းတို့နှင့် ဆင်တူယိုးမှားပုံများ မဖြစ်စေရ။

၃။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာလျှင် တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာဖြစ်ပေါ်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုများကို ပြန်လည်ရုပ်သိမ်းမည်။

၄။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် နိုင်ငံတော်၏ မူဝါဒ ဆန့်ကျင်သောပုံများ၊ အမျိုးသားယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ၊ တည်ဆဲဥပဒေနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။ ပုံထဲမှရှိနေသည့် အရာဝတ္ထုများအား ဖယ်ထုတ်ခြင်း၊ မရှိသည့်အရာဝတ္ထုများ ထည့်သွင်းခြင်း မပြုလုပ်ရ။ အလွန်အကျူးပြုပြင်ထားသောပုံများ မဖြစ်စေရ။ ရိုက်ကူးသည့် မူရင်းပုံအား အလင်းအမှောင်၊ Cropping၊ ကာလာချိန်သည့် ပြိုင်ပွဲပုံများ ဖြစ်ရမည်။ ယခင်ပုံဟောင်းများ မဖြစ်စေရ။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအား ထိုက်တန်စွာ ဆုချီးမြှင့်မည်။ ပြိုင်ပွဲဝင်တစ်ဦးသည် ပြိုင်ပွဲတွင်(ပထမ၊ ဒုတိယ၊ တတိယ)ဆုကြီး (၁)ဆုနှင့် နှစ်သိမ့်ဆု (၁)ဆုသာလျှင် ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုလိုသော မည်သည့်ကိစ္စတွင်မဆို အသုံးပြုရန် သဘောတူခွင့်ပြုရမည်။

၇။ ပြိုင်ပွဲဓာတ်ပုံများကို Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, Gopro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ရိုက်ကူးထားသည့် မူရင်း Print File တို့ကို CD ဖြင့် တစ်ပါတည်း တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို **(၂၁-၄-၂၀၂၆)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးသို့ ပေးပို့ရပါမည်။

၉။ ပဏာမရွေးချယ်ခြင်းကို **(၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့) (ညနေ ၄း၀၀ နာရီ)** တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲစံနှုန်းများနှင့်အညီ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများ၏ ပဏာမစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်သွားပါမည်။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံရှင်များထံ အချိန်မီအကြောင်းကြားပေးမည် ဖြစ်ပါသည်။

၁၀။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို **(၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၉း၀၀ နာရီ) မှ (၂၉-၄-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) (ညနေ ၆း၀၀ နာရီ)** အထိ MCDC Facebook Page တွင်တင်ပြီး Like ရရှိမှုအရေအတွက်ပေါ်မူတည်၍ ဆုရွေးချယ်သွားမည် ဖြစ်ပါသည်။

၁၁။ ပြိုင်ပွဲဝင်ပုံတိုင်း၏ နောက်ကျောတွင် **အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးထားသည့် ခံဝန်ချက်ပြည့်စုံစွာ ရေးထားသော စာရွက်များကို** တိပ်ဖြင့် သေချာစွာ ကပ်ပေးရမည်။ ပြိုင်ပွဲပုံ၏ နောက်ကျောတွင် မည်သည့်အမှတ်အသားမှ မပါရှိစေရ။ ပုံတွင်လည်း ရေစာအမှတ်အသား မပါစေရ။

၁၂။ ဆုရွေးချယ်ခံထားရသော ဆုရပုံများအား ကန့်ကွက်လိုပါက ပြိုင်ပွဲစိစစ်ရေးကော်မတီသို့ ဆုရွေးချယ်ထုတ်ပြန်ပြီးအတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူဘက်မှ မှန်ကန်ပါက ဆုစာရင်းပယ်ဖျက်မည်။ ဆုရရှိသူဘက်မှ မှန်ကန်ပါက ဆုကို ဆက်လက်အတည်ပြုမည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

# ၂၀၂၆ ခုနှစ် 'ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ' ဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မဟာသင်္ကြန်တွင် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ"ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ၁၀ လက်မ × ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းကိုပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ်၊ သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, GoPro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (နံနက် ၁၀း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆု ရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၁၀း၀၀ နာရီ) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၆)ရက်၊ (သောကြာနေ့) နံနက် (၁၀း၀၀နာရီ)တွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါး ၄၆၄ ဧက စိုက်ပျိုးပြီးစီး

**ငဖဲ ဧပြီ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံစေရေးအတွက် ၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါး ၄၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ အဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် မန်းချောင်းရေလှောင်တမံဆည်မှ ဖေဖော်ဝါရီလဆန်းပိုင်းက စတင်၍ လက်ဝဲမြောင်းမကြီးမှ ၁၀၇၁ ဧကနှင့် လက်ယာမြောင်းမကြီးမှ ၂၀၀ ဧက စုစုပေါင်း ၁၂၇၁ ဧကလျာထားစိုက်ပျိုးမည့် ကျေးရွာအုပ်စုများရှိ လယ်ယာမြေများသို့ နွေစပါးများစိုက်ပျိုးရန် စိုက်ပျိုးရေများဖြန့်ဝေပေးလျက်ရှိကြောင်း၊ စိုက်ပျိုးပြီးစီးသည့် စပါးမျိုးများမှာ အောင်နိုင်တိုး ၅၈ ဧက၊ မနောသုခ ၂၆ ဧက၊ ရတနာတိုး ၅၁ ဧကနှင့် ဆင်းသုခ ၃၂၉ ဧက စုစုပေါင်း ၄၆၄ ဧက လျာထားစိုက်ပျိုးပြီးစီးပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်ဧရိယာများတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ နွေသီးနှံများ စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာသန်စွမ်းသော စပါးပင်များရရှိရန်အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ မြေညှိခြင်း၊ ရေသွင်းရေထုတ်မြောင်းများ ပြုလုပ်ခြင်း၊ ဘက်စုံမျှတသော ဓာတ်မြေဩဇာအသုံးပြုနည်း ကျင့်သုံးခြင်းနှင့် မိမိစပါးခင်းကို ပုံမှန်ကွင်းဆင်းစစ်ဆေးကြရန် စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**မယု(ငဖဲ)**



# လွမ်းတော်မူလို့ စာကိုစီတယ်

လွမ်းတော်မူလို့ စာကိုစီတယ်
တိမ်ဖြူတိမ်ဝါ တိမ်ပြာတွေသန်းပြန်တော့
ဘယ်ဆီသို့ ဘယ်ညာသို့ လွမ်းရမယ် ညွန်းကာပြကွယ် ကြာဖြူအိုင်ကြီးရယ်
မိုးခါဝယ် ချိုးလာမယ် ချိုးလာမယ် မိုးခါဝယ်
ချစ်သူပန်ဖို့ တကယ်ရည်ရွယ်ကာ ထားခဲ့မယ်
ပဒုမ္မာကြာရယ်-ကျုပ်ရည်းစားနဲ့ ညားအောင်စောင့်ဦးကွယ်.....

လွမ်းလွန်းလွန်းလို့ နန်းတော်ရှေ့ ဆရာတင်၏ 'စိမ်းမြရုံချယ် အောင်ပင်လယ်' သီချင်းဖြင့်ပင် နိဒါန်းပျိုးပါရစေတော့။ လွမ်းနေရသည်မှာ ကျုပ်ရည်းစားကိုလည်း မဟုတ်၊ ငယ်ကျွမ်းဆွေကိုလည်း မဟုတ်၊ အချစ်ဦးကိုလည်း မဟုတ်။ မန္တလေးခေတ်ဟောင်း သင်္ကြန်ကိုသာဖြစ်ပါသည်။

၁၉၇၆-၁၉၈၆ ဝန်းကျင် မန္တလေးခေတ်ဟောင်းသင်္ကြန် ဖြစ်ပါသည်။ ထိုစဉ်က မန္တလေးသင်္ကြန်သည် မဏ္ဍပ်အလှ၊ ယာဉ်အလှ၊ တေးသီချင်း အကအလှသီဆိုကပြ ဖျော်ဖြေပြိုင်ဆိုင်မှု ခေတ်ပြုပြင်သံချပ် သရုပ်ပြ အထေ့အငေါ့အသော ပြိုင်ဆိုင်မှုများဖြင့် မန္တလေး၊ ပုသိမ်ကြီး၊ အမရပူရ၊ စစ်ကိုင်းမြို့များအထိ ပျော်ရွှင်စည်ကား ခမ်းနားလျက်ရှိခဲ့ပါသည်။ ထိုပျော်ရွှင်စည်ကားခမ်းနားခြင်းကပင် မန်းသင်္ကြန်ညကို အလှဆင်လျက်ရှိပါသည်။

ပထမပိုင်းနှစ်များတွင် ပြိုင်ပွဲဝင်ဗဟိုမဏ္ဍပ်တစ်ခုတည်းသာ ၃၂ လမ်းနှင့် ၃၃လမ်းကြား၊ ၈၄လမ်းနှင့် မန္တလေးဘူတာကြီးရှေ့တို့တွင် ရှိသော်လည်း ပြိုင်ပွဲဝင်အသင်းများ များပြားလာမှု တစ်မြို့လုံးစည်ကားစေလိုသော ဆန္ဒများကြောင့် နောက်ပိုင်းနှစ်များတွင် မြို့နယ်အလိုက် ဆုပေးမဏ္ဍပ်လေးခု ခွဲခဲ့ပါသည်။ မန္တလေးအရှေ့တောင်၊ အရှေ့မြောက်၊ အနောက်တောင်၊ အနောက်မြောက်ဟူ၍ ဖြစ်ပါသည်။ ထိုစဉ်က မန္တလေးမှာ လေးမြို့နယ်သာ ခွဲထားပါသေးသည်။ ထို့ပြင် ပုသိမ်ကြီးမြို့နယ်သည်လည်းကောင်း၊ ဧရာဝတီမြစ်သာခြားသော စစ်ကိုင်းမြို့သည်လည်းကောင်း မိမိတို့မြို့ကို စည်ကားစေလိုသော ဆန္ဒပြင်းပြမှုနှင့်အတူ မန္တလေးအသင်းများကို ဖိတ်ခေါ်လျက် ဆုပေးမဏ္ဍပ် ပြုလုပ်ခဲ့ကြပါသည်။ ထိုအခါ စစ်ကိုင်း-မန္တလေး လမ်းပေါ်ရှိ အမရပူရမြို့နယ် သင်္ကြန်မဏ္ဍပ်များမှာ ဆုပေးမဏ္ဍပ် ပြုလုပ်ရန်မလိုဘဲ အလိုလို ကြက်ပျံမကျ စည်ကားသိုက်မြိုက်သွားပါသည်။

အမျိုးသမီးဧည့်ခံမဏ္ဍပ် အသင်းများသည် ၈၄လမ်း လက်ဆည်ကန်တွင် နဂါးမယ်(ဝဲဆိုင်း-ယာဆိုင်း၊ ပြိုင်ပွဲမဝင်)၊ ၇၈လမ်းနှင့် ၃၇ လမ်းထောင့် ဟေမမာလာတွင် မာလာရွှေစင်၊ လမ်း ၈၀၊ တာရဲတန်းတောင်ဘက်ထိပ်တွင် မေသစ်လွင်(ဝဲဆိုင်း-ယာဆိုင်း)၊ ချမ်းမြသာစည်တောင်ဘက်ထိပ်တွင် ချမ်းမြပျိုဖြူ၊ နန်းရှေ့တွင် ငုရွှေဝါ၊ ၈၄ လမ်းဈေးချိုတွင် ဈေးချိုသူ၊ လမ်း၃၀ ဗထူးကွင်းရှေ့တွင် ဆောက်လုပ်ရေးမိသားစု(ခေတ်ပေါ်တေးဂီတ သီးသန့်၊ ပြိုင်ပွဲမဝင်) စသည့် အသင်းကြီးများ၊ ၈၁လမ်းနှင့် ၈၂လမ်းထောင့်တွင် နှယ်ဝါမေ၊ ၃၅လမ်းနှင့် ၇၇ လမ်းထောင့်တွင် သီတာရွှေစင်၊ အကွက် ၃၂၃ တွင် မြရွှေဝါ၊ စိန်ပန်းရပ်တွင် ကေသီခင်၊ လမ်း၃၀ ဆေးတက္ကသိုလ်ရှေ့တွင် ကျန်းမာရေးမိသားစု၊ မင်္ဂလာဈေးရှေ့တွင် ဧညဝတီ၊ ဘုရားကြီးရှမ်းပွဲရပ်တွင် ငွေကြယ်လေးများ စသည့် အသင်းလတ်၊ အသင်းငယ်များ ဖြစ်ကြပါသည်။(မှတ်မိသမျှရေးခြင်းဖြစ်၍ ကျန်ရှိနိုင်ပါသည်။) မြောက်ပြင် နန်းရှေ့၊ စိန်ပန်းတစ်ခွင်တွင်လည်းအသင်းများစွာ ရှိကြပါသည်။ ၁၃၃၆-၁၃၃၇ ခုနှစ် လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်က ကေသီခင်အသင်း၏ လက်ကမ်းသီချင်းစာအုပ်ကို မှတ်တမ်းအဖြစ်ဖော်ပြအပ်ပါသည်။ ထိုစဉ်က ချစ်စရာဓလေ့တစ်ခုမှာ အသင်းအချင်းချင်း သီချင်းသံချပ်စာအုပ်များ မေတ္တာလက်ဆောင် ကမ်းလှမ်းလဲလှယ်ကြပါသည်။ တမ်းတလွမ်းမောစရာပါပေ။

ယာဉ်အလှပြတေးသီချင်းအသင်းများမှာ မြို့မ(ဧည့်ခံဖျော်ဖြေရေးသီးသန့်၊ ပြိုင်ပွဲမဝင်)၊ သင်္ဂီတ၊ တေးချစ်သူ၊ နယည်၊ ဖွဲ့လုလင်၊ မိတ္ထီလာမှ ထီလာမောင်၊ မြင်းမူမြို့မ၊ ကျောက်ပန်းတောင်းမှ စကားဝါမြေ၊ ဆရာဝန်နှင့် ဆေးကျောင်းသားများပါဝင်သော စေတနာနှင့် အမည်မမှတ်မိသော မန္တလေးအသင်းနယ် အသင်းများ များစွာရှိပါသည်။

ထူးခြားသည်မှာ မန္တလေးသည် အနုပညာ စာပေဂီတပန်းချီပန်းပုထွန်းကားရာ နယ်မြေဖြစ်သည့်အတွက် ထိုစဉ်က အသင်းအားလုံးတို့သည် မိမိအသင်းကိုယ်ပိုင်သီချင်းများကိုသာ အပြိုင်အဆိုင် ရေးစပ်သီကုံးဖွဲ့နွဲ့ကပြ အသုံးတော်ခံကြခြင်းပင်။ အသင်းငယ်များ အားလုံးသည်ပင်လျှင် သီချင်းအနည်းဆုံး ငါးပုဒ်နှင့် အထက်ရှိပါသည်။ ကေသီခင်အသင်းဆိုလျှင် ရေနံ့သာ စိုးလှိုင်ရေးသော 'အနုအလှ အကတစ်ရာ' နှင့် 'ကေသီခင် နွေတေးရှင်' အပါအဝင် ငါးပုဒ် ဖြစ်ပါသည်။နဂါးမယ်အသင်းဆိုလျှင် မှတ်မိသမျှ သီချင်း ၂၂ ပုဒ်ကျော်ခန့် ရှိပါသည်။ ရွာစားစိန်တင်ဟန် ရေးသားပါသည်။ သီချင်းတိပ်ခွေလည်း ထွက်ရှိပါသည်။

မန်းသင်္ကြန်း၏ မြောက်စားမှုကြောင့် ပေါက်ဖွား၍ တောက်ကြွားလာသော သီချင်းများရှိခဲ့ပါသည်။ ကျောက်ပန်းတောင်းမှ စကားဝါမြေအသင်း၏ ပြိုင်ပွဲဝင်'ဟော့တော့ ရေတွေရွဲကုန်ပြီ' သီချင်းဖြစ်ပါသည်။ ရေနံ့သာစိုးလှိုင်တေးပြု၍ ဒေလီမြင့် သီဆိုခြင်းဖြစ်ပါသည်။ ၎င်းသီချင်းသည် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ဆုပေးမဏ္ဍပ်များမှ ပထမဆု အားလုံးသိမ်းကျုံးရယူသွားသော သီချင်းဖြစ်ပါသည်။ ဒေလီမြင့်ပင်လျှင် စကားဝါဒေလီမြင့်အမည်ဖြင့် အငြိမ့်ခေါင်းဆောင် မင်းသမီး၊ စကားဝါအငြိမ့်တည်ထောင်သူခေါင်းဆောင် မင်းသမီး၊ ယနေ့အထိ ရွှေဝေလျှံ ဇာတ်သဘင် တည်ထောင်သူဖြစ် အနုပညာနယ်မြေတွင် နာမည်ကျော်ကြား လူကြိုက်များခဲ့ရပါသည်။ ၎င်းသီချင်းသည်လည်း ယနေ့အထိ လူတိုင်းပါးစပ်ဖျား ရေပန်းစားသည့်ပြင် ပြန်ဆိုတေးအဖြစ် နာမည်ကြီး အဆိုတော်များပါ ပြန်ဆိုနေကြသည်အထိ ဖြစ်ပါသည်။

နောက်တစ်ပုဒ်ရှိပါသေးသည်။ မုံရွာ ရွှေစွန်ညိုအသင်း သီချင်းဖြစ်ပါသည်။ ၎င်းအသင်းသည် အသင်းကြီး တစ်သင်းရှေ့တွင် သီဆိုနေစဉ် သီချင်းနှင့်အတူ အသင်းကြီးမှ မိန်းကလေးငယ်များအား ကပြဖျော်ဖြေခြင်းအပေါ် လှပျိုဖြူများ၏ အလှအကကိုသာ ကြည့်ရှုခံစားလိုသော လှပျိုဖြူများကို မြတ်နိုးတွယ်တာသော အစ်ကိုကာလသားများ၏ရင်တွင်း ခံစားချက်ကို ရွှေစွန်ညိုတေးပြုစာဆိုက အကဲခတ်မိသွားပါသည်။ ထို့ကြောင့် ၎င်းခံစားချက်ကို ဖွင့်ဟအန်ထုတ်ရေးသား၍ နောက်နေ့ည ထိုအသင်းကြီးရှေ့မှာပင် သီဆိုသော သီချင်းဖြစ်ပါသည်။ တေးပြုကိုဘုန်းမင်း(ရွှေစွန်ညို)၏ 'ကက မမကိုယ်တိုင်က' သီချင်းဖြစ်ပါသည်။ စာသားထဲတွင် (အတာပွဲမှာ ဆုံတွေ့ရ မေ့မရနိုင်ဘူးဗျ၊ ဒီလိုချိန်မှာ တွေ့ကြရ မုန်းပါဘူးတဲ့ဗျ)၂ (ထူးထူးပပမြူးမြူးကြွကြွတေးသံလှလှ)၂'က ချင်တိုင်းက ကလေးတွေပွဲမထုတ်ရ၊ ကက မမကိုယ်တိုင်က' ဟူ၍ ပါရှိပါသည်။ အစ်ကိုကာလလသားများ၏ သဘော၊ မနောကို ကွင်းကွင်းကွက်ကွက် ထင်ထင်ရှားရှား ပေါ်လွင်နေသော ချစ်ခြင်းမေတ္တာဖွဲ့ သီချင်းဖြစ်သောကြောင့် ယနေ့အချိန်ထိ အသင်းတိုင်းနီးပါးအပြင် နေရာတကာတို့တွင် ဖွင့်လှစ်နားထောင်ရသော သီချင်းကောင်းတစ်ပုဒ် ဖြစ်သွားခဲ့ရပါသည်။

နောက်တစ်ပုဒ်လည်း ရှိပါသေးသည်။ မြန်မာ့ယဉ်ကျေးမှုအတာသင်္ကြန်သည် ခေတ်စနစ်အလိုက် ပြောင်းလဲလျက်ရှိပါသည်။ သပြေခက်နှင့် ရေပက်ခြင်း၊ ငွေဖလားနှင့် ရေကစားခြင်း၊ ရေပြွတ်ဖြင့် ရေပက်ခြင်း၊ ရာဘာဘောလုံးထဲသို့ ရေထည့်၍ လူကိုပစ်ပေါက်ကစားခြင်း၊ မီးသတ်ပိုက်ဖြင့် ရေကိုဖွာ၍ ကြဲဖြန့်ပက်ဖျန်းခြင်း စသည်တို့ ဖြစ်ပါသည်။ ထိုပြောင်းလဲမှုကို သရုပ်ဖော်သော ဦးဖူးအုံသီဆိုသည့် 'ဘောလုံးထဲမှာ ရေတွေစု ကျောပြင်ကြီးကိုထု' ဆိုသည့် စာသားပါသော တစ်ချိန်က ခေတ်စားခဲ့သည့် သီချင်းဖြစ်ပါသည်။

ထို့ပြင် သင်္ကြန်ဖွင့်ပွဲတိုင်း မပါမပြီးသော မန္တလေးမြို့မအသင်း၏ 'မြူမှောင်ဝေကင်း'နှင့် မြနန္ဒာသီချင်း၊ ကျန်မြို့မသီချင်းများ၊ နှစ်တိုင်းမန်းသင်္ကြန်သို့လာ၍ မြို့မအသင်းနှင့် တွဲဖက်ကာအသုံးတော်ခံသော နာမည်ကျော်မင်းသားကြီး ဦးဝင်းဦး၊ သင်္ကြန်မင်းသားကြီး အမည်ရဇော်ဝမ်း၊ မန်းသင်္ကြန်၏ အလှအပတေး သီချင်းများနှင့် ဇာတ်အိမ်ဖွဲ့ထားသော သင်္ကြန်မိုးရပ်ရှင်ကားများကိုတော့ အားလုံးအသိဖြစ်၍ အကျယ်မချဲ့လိုတော့ပါ။

ပြိုင်ပွဲဝင်သံချပ်အသင်းများမှာ မိတ္ထီလာမှလာသော ညွှန့်ပေါင်းဈေးအနီး စခန်းချသည့် ဗိုလ်သခင်ဆရာ၊ မျက်ပါးရပ်မှ လက်ခုပ်သံ၊ မျက်ပါးရပ်အရှေ့ဘက်ရှိ ဖျာတန်းရပ်မှ အထာသိတဲ့ မာတလိနှင့် တောကငြေ၊ မြေနီကျင်း ဦးဖိုးသာဝင်း ပတ်ဝန်းကျင်မှ ဒိုးဒိုးဒေါက်ဒေါက် အခြားအရပ်များမှ သူငယ်တော်၊ ပြည်သူ့ရှေ့နေ၊ လက်ပံနီ ရွှေစွန်ညို၊ ပိတောက်ကုန်းကမျောက်ရှုံး၊ လျှာကုဋေ၊ ရွာလယ်ကအာကျယ်၊ ပွင့်ပွင့်လင်းလင်းဖိုးနတ်မင်း စသည့်စသည့် အသင်းများစွာနှင့် အမည်မမှတ်မိသော အသင်းများ များစွာဖြစ်ပါသည်။

၎င်းအသင်းတို့၏ ခေတ်ပြုပြင်သံချပ်သရုပ်ဖော်အချို့ကို တင်ပြလိုပါသည်။ လက်ခုပ်သံအသင်းမှ သံချပ်တိုင်သူက 'မြို့ရွာတစ်ဝိုက်သန့်မှကြိုက် အမှိုက်မရှုပ်နှင့်' ဟု ဆိုနောက်တစ်ဦးက မွစာကြဲအောင် ဆုတ်ဖြဲထားသော စက္ကူအပိုင်းအစများကို ပရိသတ်ကြားထဲ ကြဲဖြန့်ရင်း (ရှုပ်တော့ဘာဖြစ်လဲ)၂ ဟု အော်။

အများက 'ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက်' ဟု အော်ဟစ်။

တစ်ဖန်သံချပ်တိုင်သူက 'မြို့ရွာတစ်ခွိအေးစေလို ရေကိုမဖြုန်းနှင့်' ဟု ဆို။

နောက်တစ်ဦးက ရေအနည်းငယ် ထည့်ထားသည့် သံကိုင်းပါသော ရေပုံး(သွပ်ချောင်ပုံး) ကိုင်ထွက်လာကာ ပရိသတ်ကြားထဲသို့ ရေမှုန် ရေမွှားများ ကြဲဖြန့်ပက်ဖျန်းရင်း(ဖြုန်းတော့ဘာဖြစ်လဲ)၂ ဟု အော်'။ အများက 'ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက်' ဟု အော်ဟစ်။

ထို့နောက် သံချပ်တိုင်သူက 'မြို့ရွာတစ်ခွင်အေးစေချင် မီးတွင်မပေါ့နှင့်'ဟု ဆို။

နောက်တစ်ဦးက မီးတဖွားဖွားလောင်နေသော ဆေးပေါ့လိပ်ကိုသောက်ပြီး မီးဖွားများဖြင့် ဆေးလိပ်ကိုလက်ဝှေ့ရမ်းကာ ကြဲဖြန့်လျက် '(ပေါ့တော့ဘာဖြစ်လဲ)'ဟု အော်။

အများက 'ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက်' ဟု အော်ဟစ်။ ထို့နောက် ထိုကဲ့သို့ စည်းကမ်းမမဲ့သင့်ကြောင်း သံချပ်အတိုင်အဖောက်များနှင့် ဆက်လက်သီဆိုတင်ပြကြပါသည်။

တစ်ဖန်အခြားအသင်းကလည်း ကုန်ဈေးနှုန်းကို တင်ပြပါသည်။ သရုပ်ပြသူသည် ခါးတောင်း မြောင်အောင်ကျိုက်သည်။ အင်္ကျီနောက်ကျောထဲတွင် ကိုင်းညွတ်ပျော့ပြောင်း၍ ငါးမျှားတံကဲ့သို့ တော်တော်လေး ကွေးညွတ်နေသော ဝါးခြမ်းပြားပျော့ပျော့ တစ်လံကျော်ကျော်ကို ထည့်ထားပါသည်။ တစ်ဖက်စွန်းတွင် ယုန်ရုပ်သဏ္ဍာန်ချပ်ပြားအဖြူ၊ ချပ်ပြားပေါ်တွင် ကုန်ဈေးနှုန်းဟူသော စားလုံးကြီးကြီးဆေးအနက်ဖြင့် ပေါ်လွင်ထင်ရှားအောင် ရေးထားပါသည်။ ထိုသူသည် လက်ပမ်းပေါက်ခေတ်လျက် လက်ဝှေ့ရေးပြနေပါသည်။ ထို့နောက် သံချပ်တိုင်သူက ထိုခေတ်ကလေးများ ကစားသီဆိုသော လင်္ကာကဗျာသီချင်းစာသားကို ပီသကြည်မြစွာ သီဆိုပါသည်။

'(မောင်ပန်းမွှေး)၂ ရိုးရီးလေးမောင်ပန်းမွှေး မောင်ပန်းမွှေး ယုန်လိုက်တယ်။ တောကျောင်းဘုန်းကြီးမြင်လိုက်တယ် လိုက်ကြပါလားတပည့်များလိုက်လို့ မမီပြေးပြန်ပြီဗျ'ဟု ဖြစ်ပါသည်။ သရုပ်ပြသူက စာသားနှင့် လိုက်လျောညီထွေစွာ ကုန်ဈေးနှုန်း ယုန်ရုပ်ကို အားကြိုးမာန်တက် ပြင်းပြင်းထန်ထန် ကြိုးစားပြေးလိုက်၊ ခုန်လိုက်၊ ဖမ်းလိုက်ဖြင့် ပင်ပန်းကြီးစွာ လှုပ်ရှားနေပါသည်။ သို့သော် လိုက်လေဝေးလေ ဖမ်းလေမမိလေ ဖြစ်နေပါသည်။ နောက်ခံဆိုင်းက ဗိန်းဗောင်း တိုက်ပေးသည်။ နောက်ဆုံးတွင် လူက ခြေကုန်လက်ပန်းကျ၍ လဲကျသွားသော်လည်း ယုန်ရုပ်မှာ မတ်မတ်ထောင်လျက် ကျန်ရှိပါသည်။ ပရိသတ်များက လက်ခုပ်တဖြောင်းဖြောင်းတီးရင်း ဝိုင်းဝန်းသြဘာပေး ချီးကျူးကြပါသည်။ လွမ်းစရာပြကွက်ကလေးပင်။

ထို့ထက်ပိုလွမ်းစရာကား မန်းသင်္ကြန်အကြိုနေ့တွင် အသင်းအားလုံး နေ့ ၁ နာရီခန့်မှစ၍ မဟာမုနိဘုရားကြီးသို့ ကန်တော့ပွဲ၊ ပန်းများကပ်လှူပူဇော်ကန်တော့ ဦးတိုက်ကြပါသည်။ ဧည့်ခံမဏ္ဍပ်များလည်း ကားစီစဉ်၍ သွားကြပါသည်။ ဘုရားကြီး အရှေ့ ၄၅ တာ ကွင်းတွင် စုရပ်ကြပါသည်။ ထိုစဉ်က အရှေ့ ၄၅ တာသည် မည်သည့်အဆောက်အအုံမျှမရှိ ကျယ်ပြန့်သော ဟင်းလင်းပြင် ဘောလုံးကွင်းသီးသန့် ဖြစ်ပါသည်။

အသင်းခေါင်းဆောင်များ ဘုရားသို့ ကန်တော့ပွဲ၊ ပန်းများကပ်လှူပူဇော်သွားရောက် ဦးခိုက်နေချိန်တွင် အသင်းသားများအားလုံးတို့သည် မိမိတို့၏ သီချင်း၊ အကအလှ၊ သံချပ်များဖြင့် သီဆိုကပြကြပါသည်။ တစ်မြို့လုံးရှိမော်တော်ယာဉ်အသင်း၊ မဏ္ဍပ်အသင်းများကို တစ်နေရာတည်း အားလုံးကြည့်ရှုလိုသူရွှေပွဲလာပရိသတ်ကြီးကလည်း ကြက်ပျံမကျ စည်ကား၊ ဖြေဖျော်သူများကလည်း မမောနိုင်မပန်းနိုင် ကြိုးစားကြဖြင့် ပျော်စရာ ပျော်စရာ၊ ပျော်စရာကြီး ဖြစ်နေပါသည်။ လေးနာရီမထိုးခင် လူစုခွဲကြပါသည်။ ညဧည့်ခံပွဲအတွက် ပြင်ဆင်ရဦးမည် မဟုတ်ပါလား။

သင်္ကြန်တွင်း တစ်တွင်းလုံး မိုးလင်းလုနီးပါး ပျော်ရွှင်ကြည်နူးစွာ ကပြသီဆိုဖျော်ဖြေကြပါသည်။မော်တော်ယာဉ်အသင်းနှင့် မဏ္ဍပ်အသင်းများ တွေ့ဆုံတိုင်း အပြန်အလှန် ကျန်းမာပါစေဟု နှုတ်ခွန်းဆက်သရုံသာမက မော်တော်ယာဉ်အသင်းအချင်းချင်း တွေ့ဆုံတိုင်းလည်း ကျန်းမာပါစေဟု နှုတ်ခွန်းဆက်သကြပါသည်။ မည်သည့်ခိုက်ရန် ဖြစ်ပွားခြင်းမျှမရှိ၊ စည်းကမ်းရှိရှိဖြင့် လွမ်းစရာအတိပြီးသော မန်းသင်္ကြန်ပင်။ သင်္ကြန်ရက်များအတွင်း နေ့တိုင်းလည်ပတ်သော်လည်း အသင်းအားလုံးသို့ အနှံ့မရောက်နိုင်ပါ။ အသင်းတွေ များပြားလွန်းသည်က တစ်ကြောင်း၊ လာသူလာ သွားသူသွားများဖြင့် တိုးဝှေ့နေရသည်က တစ်ကြောင်းကြောင့် ဖြစ်ပါသည်။

သင်္ကြန်အတက်နေ့သည် အလွန်ကဲဆုံးဖြစ်ပါသည်။ ညလုံးပေါက်ရုံသာမက မိုးစင်စင်လင်းသည်ထိ သင်္ကြန်ပျော်-ရွှေပွဲလာများက မပြန်ကြဘဲ ကြည့်ရှုအားပေးမြူးတူးကခုန်နေကြ၍ ဖြစ်ပါသည်။ နှစ်ဆန်း ၁ ရက်နေ့ ငါးလွှတ်ပွဲများ၊ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲများ ရပ်ကွက်တိုင်း စီစဉ်ရန်ရှိကြောင်း၊ ထို့ကြောင့် ပွဲသိမ်းလိုကြောင်း ပရိသတ်ကို အနူးအညွတ် တောင်းပန်မေတ္တာရပ်ခံ အောင်စည်ဆော်ပွဲသိမ်းခဲ့ရသည်အထိပင်။

ထိုကဲ့သို့ ခေတ်ဟောင်း မန်းသင်္ကြန်လွမ်းရသည်များကို ရေးရလျှင် ကလောင်နွမ်း၍ ရေးသူသာ ပန်းပါလိမ့်မည်။ ကုန်ခန်းဖွယ်မရှိပါ။ ထို့ကြောင့် ဤခဏ သည်မျှသာဟု နိဂုံးချုပ်ပါသည်။ သည်နှစ်တွင်လည်း နှစ်ဟောင်းလွန်ကျူး၊ နှစ်သစ်ကူး မြူးတူးမယ်-မောင်၊ ပျော်ရအောင်ဟုလည်း ထပ်မံအဖော်ညှိ ဖိတ်ခေါ်လိုက်ပါရစေ။

မန္တလေးကျော်မြင့်

# အခြေခံအင်္ဂလိပ်စကားပြောနှင့် ကိုရီးယားဘာသာစကားပြောသင်တန်းများ ဆင်းပွဲကျင်းပ

**ကျောက်ပန်းတောင်း ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ပေးလျက်ရှိသည့် အခြေခံ အင်္ဂလိပ်စကားပြောနှင့် ကိုရီးယားစကားပြောသင်တန်းများ ဆင်းပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်/ဆက်ရုံး လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ခဲ့သည်။



အဆိုပါသင်တန်းတွင် အခြေခံ အင်္ဂလိပ်စကားပြောသင်တန်းကို ဆရာမ ဒေါ်ချိုသာနှင့် အခြေခံ ကိုရီးယားစကားပြောသင်တန်းကို ဆရာ ဦးအောင်ပိုင်တို့က သင်ကြားပေးခြင်းဖြစ်ပြီး နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ အင်္ဂလိပ်စကားပြော သင်တန်း ဖွင့်လှစ်ပေးပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်မှ ၁၂ နာရီအထိ ကိုရီးယားစကားပြော အခြေခံများကို မူလတန်းအဆင့်ကလေးငယ် ၂၀ ဦးတို့အား ရက်သတ္တပတ်ကြာ သင်ကြားပေးခြင်းဖြစ်သည်။ သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး အင်္ဂလိပ်စကားပြောသင်တန်း နည်းပြနှင့် ကိုရီးယားဘာသာစကားပြော နည်းပြတို့အား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် သင်တန်းသား ကလေးငယ်များအား အချိုရည်၊ မုန့်များဖြင့် ဧည့်ခံကျွေးမွေး၍ သင်တန်းဆင်းပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၆)

# သရက်မြို့နယ်တွင် အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**သရက် ဧပြီ ၁**

မကွေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှု၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ပံ့ပိုးကူညီ လမ်းညွှန်မှုတို့ဖြင့် ခရိုင်/မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သည့် ဘောလုံးနှင့် ဖူဆယ်အားကစားသင်တန်းများကို ခရိုင်အားကစားကွင်း၌လည်းကောင်း၊ မြန်မာ့သိုင်း အားကစားနည်းသင်တန်းကို တေဇခန်းမ(မိုးလုံ၊ လေလုံအားကစားခန်းမ)၌လည်းကောင်း မတ် ၂၁ ရက်မှ စတင်ပြီး နေ့စဉ်နံနက် ၇ နာရီမှ ၉ နာရီအထိ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



နွေရာသီကျောင်းပိတ်ရက်၌ လူငယ်များ အချိန်ကို တန်ဖိုးရှိစွာ အသုံးချပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးစေရန်၊ အရည်အချင်းမြင့်မားသည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွက်စေရန် ရည်ရွယ်က နွေရာသီကျောင်းပိတ်ရက်များ၌ နေ့စဉ် ကျောင်းသား၊ ကျောင်းသူများအား အားကစားနည်း သုံးမျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများတွင် ဘောလုံးသင်တန်း၌ ၇၀ ဦး၊ ဖူဆယ်သင်တန်း၌ ၂၇ ဦး၊ မြန်မာ့သိုင်းသင်တန်း၌ ၃၀ ဦး စုစုပေါင်း ၁၂၇ ဦးတက်ရောက်ကြပြီး သင်တန်းများကို မတ် ၂၁ ရက်မှ စတင်ပြီး ဧပြီ ၄ ရက်အထိ နေ့စဉ် သင်ကြားပေးလျက်ရှိ ကြောင်းသိရသည်။

(အပေါ်ဝဲပုံ)

ဇော်ထက်(သရက်)

# အခြေခံမြန်မာ့သိုင်းပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်သိုင်းဆပ်ကော်မတီတို့ ဖွင့်လှစ်သော အခြေခံမြန်မာ့သိုင်းပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က အခြေခံမြန်မာ့သိုင်းသင်တန်းဆင်းပွဲ အထိမ်းအမှတ်ပြိုင်ပွဲ ကျင်းပပေးရခြင်းနှင့် သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်သိုင်းဆပ်ကော်မတီမှ နည်းပြ ဦးကျော်မိုးက သင်တန်းဆင်း အမှာစကားပြောကြားသည်။ အခြေခံမြန်မာ့သိုင်းပြိုင်ပွဲကို ကျင်းပရာ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးအနက် ၁၁ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များက ကြည့်ရှုအကဲဖြတ် အမှတ်ပေးသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သင်တန်းနည်းပြများထံသို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်းတို့က ပေးအပ်သည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသူများထံသို့ ဂုဏ်ပြုဆုများကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်မြန်မာ့သိုင်းဆပ်ကော်မတီမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




(ဝဲပုံ)

(၄၅၃)

**စာပေမြင့်မှ လူမျိုးတင့်မည်။**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## အရွယ်သုံးပါးကိုင် တောင်ဝှေးများ

* လူသားအသွင်
လူဖြစ်စဉ်တွင်
တောင်ဝှေးပမာ
ဆွဲကိုင်ရာကား
မိဘ၊ ဆွေသား
ဆရာများကား
(ပ)အရွယ်၏
တောင်ဝှေးတည်း ။

* ပညာ၊ ဥစ္စာ
အိုကြင်ယာကို
ဆွဲကာ၊ ကိုင်ကာ
လျှောက်လှမ်းလာသည်
(ဒု)အရွယ်၏
တောင်ဝှေးတည်း ။

* တ အရွယ်မှာ
ချော်မှာ လဲမှာ
ထထိုင်ရန်နှင့်
ဖေးကူထောက်မ
လက်မှာဆလို့
ကိုင်လာလက်ထဲ
တောင်ဝှေး ဆွဲသည်
(တ)အရွယ်၏
တောင်ဝှေးတည်း ။ ။

**စိုးဝင်း(ဆသရ)**



# လူနှင့်ထင်မှတ်များ မြန်မာ့ရုပ်သေးအကများ

မြန်မာ့သုခုမအနုပညာတွင် အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များနှင့် အမြင့်သဘင်ရုပ်ကြီးစင် ရုပ်စုံသဘင်(ရုပ်သေး) အကရယ် သက်ရှိလူသားတွေ ကပြကြတဲ့ ဇာတ်သဘင်ဆိုပြီး ပညာရပ်နှစ်မျိုးရှိပါတယ်။ မြန်မာ့ရုပ်ကြီးစင်လို့ခေါ်တဲ့ အမြင့်သဘင်မှာ ကြိုးဆွဲအရုပ်တွေများသလို ကကြိုးတွေလည်း အမျိုးစုံရှိပါတယ်။

မြန်မာ့ဇာတ်သဘင်တစ်ခေတ်ကို တစ်ဟုန်ထိုး တိုးတက်အောင် ကြံဆောင်ကြိုးပမ်းခဲ့သူ သဘင်ပညာရှင်ကြီးမှာ ဇာတ်မင်းသားကြီး ဦးဘိုးစိန် ဖြစ်ပါတယ်။ မွေးဖွားရာဇာတိမှာ ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ ခလောက်သိုက်ရွာမှာ မွေးဖွားခဲ့သူဖြစ်ပြီး ငယ်နာမည်မှာ မောင်သိုက် အမည်ရှိပါတယ်။ မိဘနှစ်ပါးမှာ သဘင်သည် ဇာတ်မင်းသားနှင့် ဇာတ်မင်းသမီးဖြစ်တာကြောင့် ဦးဘိုးစိန်ဟာ သဘင်မျိုးရိုးရှိသူ ဖြစ်ပါတယ်။ ဆောင်းပါးများထဲမှာ ဦးဘိုးစိန်အကြောင်း မကြာခဏရေးသားရတဲ့အကြောင်းမှာ ဇာတ်မင်းသားကြီးဟာ စာရေးသူရဲ့ အဘိုး၊ အဘွားတို့ထံမှာ ကြေးမောင်းတူရိယာတွေ အမြဲအားပေးဝယ်ယူသူဖြစ်လို့ စာရေးသူက ကျေးဇူးမမေ့တဲ့အနေနဲ့ ဂုဏ်ပြုရေးသားတာပါ။

ဦးဘိုးစိန်ရဲ့သားများမှာ ကဲနက်စိန်နှင့် တသက်စိန်တို့ ဖြစ်ကြပါတယ်။ ကဲနက်စိန်က မွေးတဲ့သားများမှာ ရဲစိန်၊ ညီဝင်းစိန်တို့ ဖြစ်ကြပါတယ်။ ရေးတော့အမှန်၊ ဖတ်တော့အသံဆိုတာလို ဇာတ်မင်းသားကြီး ဦးဖိုးစိန်လို့ ပြောကြ၊ ဆိုကြ၊ ရေးကြတာများပါတယ်။ ဘုရားဒကာကြီး၊ ကျောင်းဒကာကြီး၊ ဂရိတ် ဦးဘိုးစိန်ရဲ့ မြေးဖြစ်တဲ့ ဇာတ်မင်းသား ကိုရဲစိန်ရဲ့ သမီးဖြစ်သူ မင်းသမီး ပတ္တမြားကေခိုင်က ရုပ်သံအစီအစဉ်တစ်ခုမှာ အခုလို ပြောကြားခဲ့ပါတယ်။ "ဇာတ်မင်းသားကြီး ဦးဘိုးစိန်လို့ရေးမှ မှန်ကန်ပါမယ်။ ဘိုးဘိုးကြီး ဦးဘိုးစိန်ဆိုတာ စိန်နှင့်တန်ဖိုးညီမျှလောက်အောင် အဖိုးတန်ပါတယ်။ စိန်ဆိုတာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာတို့ထဲမှာ တန်ဖိုးအကြီးဆုံးပါပဲ။ စိန်ရဲ့ဂုဏ်ရောင်အစွမ်းဟာ ဘယ်တော့မှ မမှေးမှိန်ပါဘူး"တဲ့။ ဟုတ်ပါတယ်။

ဇာတ်မင်းသားကြီး ဦးဘိုးစိန်ဆိုတာ မြန်မာ့ဇာတ်သဘင်လောကရဲ့ ဥသျှောင်ပါပဲ။ ရတနာပုံခေတ်နှောင်းပိုင်း မြေဝိုင်းသဘင်ခေတ်ကနေ၊ ဇာတ်ခုံတွေ၊ ကားလိပ်တွေ၊ အပြင်အဆင်တွေ ပြောင်းခဲ့ရုံမက မီးစက်တွေ အောက်လင်းဓာတ်မီးတွေ သုံးခဲ့ပြီး ရှက်ထည်ရုံတွေဆောက်ကာ ဇာတ်သဘင်တစ်ခေတ်ကို ရှေ့ဆောင်ခဲ့ပါတယ်။ ဦးဘိုးစိန်မရှိတော့တဲ့နောက်မှာ ဦးကဲနက်စိန်၊ ဦးတသက်စိန်တို့ဟာ စိန်မဟာသဘင်အမည်ပေးထားပြီး ဇာတ်အဖွဲ့ကြီးတည်ထောင်ကာ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ လှည့်လည်ရုံသွင်း ကပြခဲ့ပါတယ်။

စိန်မဟာသဘင် ဇာတ်အဖွဲ့ကြီးရဲ့ အလွန်နာမည်ကြီးကျော်ကြား လူကြိုက်များခဲ့တာကတော့ ပါတော်မူဇာတ်လမ်းပါပဲ။ မင်းသားကြီး တသက်စိန်ရဲ့ အင်္ဂလိပ်စကားပြောတွေကလည်း အလွန်ကောင်းခဲ့ပါတယ်။ ရဲစိန်၊ ညီဝင်းစိန်တို့ နာမည်ကြီးတဲ့ ဇာတ်ထုပ်ကတော့ ပုဂံခေတ်ကို အခြေခံထားတဲ့ ပဋိက္ခရားဇာတ်ပါ။ ကျန်စစ်သားမင်းကြီးရဲ့သမီးတော် ရွှေအိမ်စည်မင်းသမီးလေးရယ် ပြဒါးရှင်လုံးအစွမ်းနှင့် ကောင်းကင်ပေါ်ပျံတက်နိုင်တဲ့ ပဋိက္ခရားမင်းသားအဖြစ် ညီဝင်းစိန် ပါဝင်ကပြခဲ့ပါတယ်။ ပဋိက္ခရားဇာတ်လမ်းသဘောမှာ ပဋိက္ခရားနှင့် ရွှေအိမ်စည်မင်းသမီးတို့ ချစ်ကြိုက်ခဲ့ကြပေမယ့် မပေါင်းသင်းကြရဘဲ ရွှေအိမ်စည်မင်းသမီးလေးဟာ စောလူးမင်းရဲ့သားတော် စောယွန်းမင်းသားလေးနှင့် လက်ဆက်ထိမ်းမြား ပေါင်းခဲ့ရပါတယ်။

အိန္ဒိယပြည်မှ ကုန်ကူးသန်းရောင်းဝယ်ဖို့ရောက်လာတဲ့ ရွက်လှေကြီး ပုဂံဆိပ်ကမ်းကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ ဒီအကြောင်းတွေကို သတိရမိသွားစေတာကတော့ "ကုက္ကုလံမြောက်ကို လှည့်ခါမှ" တေးအော်ပရာဇာတ်လမ်းကို ရုပ်မြင်သံကြားမှာ ကြည့်နေရတာကြောင့် ဖြစ်ပါတယ်။ ရွက်လှေနှင့် ကုန်ကူးသန်းရောင်းဝယ်သွားကြပုံတွေကို ကြည့်ရှုရပါတယ်။ သဘာဝကျကျ ရိုက်ကူးတင်ဆက်ထားတော့ တကယ့်လှေဆိပ်ကို ရောက်နေသလား အောက်မေ့ရအောင် အထုပ်အပိုးတွေ သယ်ကြ၊ ပိုးကြ၊ ထန်းခေါက်ဖာတွေ ခေါင်းပေါ်ရွက် ကလေးငယ်ကို လက်ကဆွဲ၊ လှေကြီးပေါ်ကနေ ကုန်းဘောင်ပြားနှင့် ဆင်းလာကြပုံ၊ ပုဂံလှေဆိပ်မှာ ရပ်နားကြဖို့ ကြိုးလှမ်းပစ်ပေးတာတွေ နောက်ခံဗီဒီယိုစလိုက်မှာတော့ ပုဂံဘုရားပုံတွေ ပြသထားပါတယ်။

အာနန္ဒာဘုရားပွဲ ကျင်းပနေပုံ မြင်ကွင်းမှာလည်း ပွဲသွား၊ ပွဲလာတွေ နွားလှည်းတွေနှင့် ဈေးသည်၊ ဈေးဝယ်တွေ စည်စည်ကားကားဖြစ်အောင် သရုပ်ဖော်ထားပါတယ်။ နည်းပညာအသစ်အဆန်းတွေနှင့် တင်ဆက်ထားရာ မီးအလင်းအမှောင်ပေးပုံတွေ ရုပ်သေးပွဲကပုံတွေ ပရိသတ်တွေ ကြည့်ရှုနေကြပုံတွေနှင့် ရုပ်သေးကြိုးဆွဲပညာရှင်များကလည်း ကျရာဇာတ်ရုပ်ကို အပီအပြင်ဖြစ်အောင် ကကြိုးဆင်သွားနိုင်သလို ကန့်လန့်ကာနောက်ကွယ်က အသံသရုပ်ဖော်ကြရတဲ့ အသံပိုင်ရှင်များကလည်း ဇာတ်ကွက်အလိုက် ပေါ့ပေါ့ပါးပါး ကျွမ်းကျွမ်းကျင်ကျင်နှင့် အဆို၊ အပြော၊ အဟော၊ အသောလေးတွေ ခွန်းထောက်၊ ရတု၊ ရကန်၊ ကဗျာ၊ လင်္ကာ ဇာတ်စာတွေ မြိုင်ထသီချင်းဆိုလည်း မြိုင်ထအကနှင့် လိုက်ဖက်အောင် သီဆိုကြရာ အဆွဲအငင်၊ အတင်အချတွေကို ရှေ့နှင့်နောက်၊ အရုပ်နှင့် အက၊ အဆိုတွေကို အပေးအယူမျှတကာ အချိတ်အဆက်ထိမိလှတဲ့မြင်ကွင်းဟာ ကြည့်ရှုရသူတွေအဖို့ နှစ်ခြိုက်သဘောကျမှု ဖြစ်စေပါတယ်။

ရှေးခေတ်က ရုပ်ကြီးစင်လို့ခေါ်ပြီး ကြိုးဆွဲကရတဲ့ အရုပ်ကြီးများဖြစ်တော့ ကြိုးပြတ်တတ်တာကြောင့် အရုပ်ကြီးများ မသုံးကြတော့ဘဲ အရုပ်သေးများ ပြောင်းလဲအသုံးပြု ကပြခဲ့ကြပါတယ်။ ဒါကြောင့်လည်း ရုပ်သေးရုပ်များကို အလွန်ပေါ့ပါးတဲ့ ယမနေသား၊ မဥ္ဇူသား၊ လက်ပံသား၊ သံသတ်ပင်သားနှင့် ထုလုပ်နေကြတယ်။ အရုပ်ထုလုပ်ပြီး ကြိုးဆွဲကပြခဲ့ကြရပါတယ်။ ပေါ့ပါးပြီး အသားပွသစ်သားများ အသုံးပြုရတာ ဖြစ်ပါတယ်။ ရုပ်သေးအကပညာရပ်ကို မျိုးဆက်သစ်လူငယ်များ စိတ်ဝင်တစား သင်ယူနေကြတာကို တွေ့ရပါတယ်။ မန္တလေးမြို့မှာတော့ ရုပ်သေးအကတွေ မပျောက်ကွယ်ရအောင် ရုပ်သေးပညာရှင် ဆရာမကြီး ဒေါ်မမနိုင်က ထိန်းသိမ်းလို့ရှိနေပြီး ရုပ်သေးပညာကို နိုင်ငံခြားဧည့်သည်တော်များ အထူးစိတ်ဝင်တစားရှိစေရအောင် နေ့ပွဲ၊ ညပွဲတွေ ကပြတင်ဆက်ပေးနေပါတယ်။ မန္တလေးမှာ အမျိုးသားယဉ်ကျေးမှုအနုပညာ တက္ကသိုလ်ကြီးမှာလည်း သင်တန်းသား၊ သင်တန်းသူတွေ တက်ရောက် ပညာသင်ကြားနေကြပါတယ်။

နိုင်ငံတော်မှ နှစ်စဉ်ကျင်းပနေတဲ့ တိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတွေ မြင်တွေ့ရတဲ့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာလည်း ရုပ်သေးအကတွေ မြင်တွေ့နေကြရပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်လူငယ်မောင်မယ်များရဲ့ သုခုမအနုပညာအရည်အချင်းကို ဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့် ခွဲခြားသတ်မှတ်ကာ ဇာတ်တော်၊ နိပါတ်တော်၊ ဗုဒ္ဓဝင်၊ ရာဇဝင်တွေကို အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နေကြတာတွေ့ရတော့ အားရဝမ်းသာဖြစ်ရပါတယ်။

မြန်မာ့ရုပ်သေး ကပြတင်ဆက်မှုဟာ အရုပ်လည်းစုံပြီး ကကြိုးကဟန်အသွယ်သွယ်ကို တွေ့ရတာ နှိုင်းယှဉ်ပြီး ပကတိသက်ရှိလူသားသဘင်သည်များအတိုင်း လှုပ်ရှားကပြနိုင်ကြတာကြောင့် နှစ်သက်သဘောကျရပါတယ်။ ယနေ့မျက်မှောက်ခေတ်မှာ မြင်ကွင်းကျယ်တဲ့ အမြင်အာရုံတွေနှင့် ရုပ်သေးသဘင်ကို တွေ့မြင်နေရတာမှာ အလှူရှင်လောင်းလှည့်ပွဲဆိုရင် မောင်ရှင်လောင်းကို မြင်းပေါ်တင်ကာ မြင်းရဲ့ ခြေ၊ လက်၊ အမြီး၊ ခေါင်းတို့ကို အသက်ဝင်လှုပ်ရှားသွားလာနေတဲ့ သဏ္ဌာန်တွေဟာ သဘာဝကျပြီး ရှင်လောင်းလှည့်ပွဲအတိုင်း သဘာဝကျပါတယ်။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေ လမ်းလျှောက်ဟန်၊ ပရိက္ခရာရှစ်ပါး ကိုင်ဆောင်ထားတဲ့ အလှူ့ဒကာ၊ အလှူ့အမ၊ အတီး၊ အမှုတ်တွေပါ သရုပ်ဖော်နိုင်ကြလို့ ရုပ်သေးကြိုးဆွဲပညာရပ်ကို ချီးကျူးမိပါတယ်။ အပျိုတော်ထွက်ခန်းမှာ ကန်တော့ပွဲကို လက်နှစ်ဖက်နှင့် ယူတာ၊ ခေါင်းပေါ်ရွက် အပေါ်ကိုမြှောက်နိုင်တာ အံ့သြရပါတယ်။ ဘုရားကန်တော့ခန်းမှာလည်း လက်အုပ်ချီဟန်၊ ကန်တော့ဟန်တွေဟာ အသက်ဝင်ပါတယ်။ ရုပ်သေးအကများကတော့ မင်းသားအက၊ မင်းသမီးအက၊ ဇော်အက၊ ဝန်အက၊ ဘီလူးအက၊ မျောက်အက၊ သူငယ်တော်အက အစရှိတဲ့ ခုနစ်ထွေအကများသာမဟုတ်၊ မင်းသား၊ မင်းသမီး နှစ်ပါးသွားအကများမှာလည်း မြူးကြွလှပဟန်ပါလှပါတယ်။ မြိုင်ထသီချင်းအဆုံးမှာ မင်းသားက မင်းသမီးလေးကို ပွေ့ချီပုံတွေဟာ အမြင်လွယ်တယ်ထင်ရပေမယ့် အရုပ်တစ်ခုရဲ့ ကြိုးတွေနှင့် အရုပ်တစ်ခုရဲ့ကြိုးတွေ ရှုပ်ထွေးမသွားရအောင် ရုပ်သေးပညာရှင်တို့ရဲ့ လက်ထဲကိုင်ထားတဲ့ ကြိုးလေးတွေနှင့် ကကြိုးကဟန် သရုပ်ဖော်နိုင်တာ အံ့သြစရာပါ။ သစ်သားပန်းပုရုပ်လေးများက သက်ရှိလူသားများကဟန်အတိုင်း ကပြနိုင်တာကတော့ ရုပ်သေးကြိုးဆွဲသူတို့ ကျွမ်းကျင်ပိုင်နိုင်လို့ ဖြစ်ပါတယ်။ အဲ့ဒီရုပ်သေးရုပ်လေးများအတိုင်း သက်ရှိလူသားသဘင်ပညာရှင်များက ရုပ်သေးအကများကို ကပြနိုင်ကြတာကလည်း မလွယ်ကူပါဘူး။ ရုပ်မြင်သံကြားထဲမှာတွေ့ဖူးတာ သက်ရှိတကယ့်မင်းသမီးလေးနှင့် ရုပ်သေးရုပ်မင်းသမီးလေးတို့ ကဟန်တူညီ နှိုင်းယှဉ်ကာ ပြသထားပုံများဟာ အရသာရှိလှပါတယ်။ မျက်စိထဲမှာ စွဲထင်သွားစေနိုင်တဲ့ ရုပ်သေးအကများဟာဖြင့် လူနှင့်ထင်မှတ်များ မြန်မာ့ရုပ်သေးအကများလို့ ဂုဏ်ယူစွာ ပြောကြားလိုက်ချင်ပါတော့တယ်။

**ဦးနေဝင်း**
**မန္တလေး(ကြေးသွန်း)**

## ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်(CEIR)အကြောင်း သိကောင်းစရာနှင့် အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်း

**တောင်တွင်းကြီး ဧပြီ ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များနှင့် မိုဘိုင်းလက်ကိုင်ဖုန်း သုံးစွဲသူ ပြည်သူများအား ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် (CEIR)အကြောင်း သိကောင်းစရာနှင့် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် တောင်တွင်းကြီးမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဦးစီးအရာရှိ ဒေါ်လွင်လွင်ထွန်းက (CEIR) စနစ်အသုံးပြုခြင်းအား သင့်အခွန်ကောက်များကို Online ဖြင့် တင်သွင်းသူများအနေဖြင့် ကျ စနစ်အသုံးပြု၍ အလွယ်တကူ



ပေးဆောင်တင်သွင်းနိုင်ခြင်း၊ အခွန်တိမ်းရှောင်မှုနှင့် တရားမဝင် တင်သွင်းခြင်းမှ တားဆီးကာကွယ်နိုင်ခြင်း၊ အများပြည်သူများမှ မိုဘိုင်းလက်ကိုင်ဖုန်းအတုများ ဝယ်ယူမိခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ နိုင်ငံတော်သို့ ဝင်ပေါက်အသီးသီးမှ တင်သွင်းလာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများ၏ IMEI နံပါတ်များကို စိစစ်ပြီး မှန်ကန်မှ အသုံးပြုခွင့်ပေးသည့်အတွက် လက်ကိုင်ဖုန်းဈေးကွက်များ၏ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှု မြှင့်တင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုဘိုင်းလက်ကိုင်ဖုန်း ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**နောင်နောင်(မိဿနိုးမြေ)**

# အခြေခံပညာကျောင်းပေါင်းစုံ နွေရာသီဘင်ခရာသင်တန်းဆင်း

**တာချီလိတ် ဧပြီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ နွေရာသီ ဘင်ခရာသင်တန်းဆင်းပွဲကို မတ် ၃၀ နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း(ဆန်ဆိုင်း)၌ ကျင်းပသည်။

ရှေးဦးစွာ ဘင်ခရာတပ်ဖွဲ့များက ကွင်းအတွင်းနေရာယူကာ နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို တီးမှုတ်သီဆိုခဲ့ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံက အဖွင့်အမှာစကားပြောကြားကာ ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က ပညာရေးကဏ္ဍတိုးတက်ရေးကျောင်းသားလူငယ်များ၏ စုပေါင်းစိတ်ဓာတ်တိုးတက်ရေးဆိုင်ရာ များနှင့် သင်တန်း၏ အရေးပါမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဘင်ခရာတပ်ဖွဲ့များက မြန်မာ့ကျောင်းတေးသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေကာ အ.ထ.က(ခွဲ)မယ်ဟုတ် ကျောင်းအုပ်ဆရာကြီး ဦးစိုင်းလှိုင်းအောင်က သင်တန်းနည်းပြဆရာ ဦးညီညီဝင်းထွေးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး အခြေခံကျောင်းများကိုယ်စား အ.ထ.က(ဆန်ဆိုင်း) ကျောင်းအုပ်ဆရာကြီး ဦးလှမျိုးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အခြေခံပညာ အထက်တန်းကျောင်းများဖြစ်သည့် အ.ထ.က(ဆန်ဆိုင်း)၊အ.ထ.က(ခွဲ)ရန်အောင်မြေ၊ အ.ထ.က(ခွဲ) မယ်ဟုတ်၊အ.ထ.က(ခွဲ)ပုန်းထွန်ကျောင်းများမှ ဘင်ခရာတပ်ဖွဲ့များမှ 'မြန်မာ့ကျောင်း'၊ 'စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်'၊ 'မှုံရွှေရည်'၊ 'လူသားသန်းပေါင်းခြောက်ထောင်'၊ 'ရှမ်းရိုးမကအိုးစည်သံ' စသည့် တေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး သင်တန်းနည်းပြဆရာက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ရာ ဘင်ခရာတပ်ဖွဲ့ကိုယ်စားတပ်ဖွဲ့ခေါင်းဆောင်များက လက်ခံရယူသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံက ဘင်ခရာတပ်ဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဘင်ခရာတပ်ဖွဲ့များက 'သကြံန်မိုး'၊ 'ဂီတာတီးပေါ့ ကိုကိုရယ်' သီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေကာ 'Auld Long Syne' တေးသီချင်းဖြင့် အခမ်းအနားကို ပိတ်သိမ်းကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

ကျော်ဇေယျာလင်း(ပြန်/ဆက်)





မကွေးမြို့၌ ယမန်နှစ် လမ်းလျှောက်သင်္ကြန် ပျော်ရွှင်စွာ ရေကစားနေပုံ

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အား လမ်းလျှောက်သင်္ကြန်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မကွေး ဧပြီ ၁**

၁၃၈၇ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်၊ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ရေကစားမဏ္ဍပ်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် ကမ်းနားလမ်းတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့ We Love Magway အနီး ကျောက်သားဥယျာဉ်ပန်းခြံမှ ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်သင်္ကြန်၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယိမ်းအကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ရပ်ကွက်ယိမ်းအကအဖွဲ့ ခုနစ်ဖွဲ့၊ဌာနဆိုင်ရာယိမ်းအကအဖွဲ့ ၁၁ ဖွဲ့ စုစုပေါင်း ယိမ်းအကအဖွဲ့ ၁၈ဖွဲ့များမှာ သက်ဆိုင်ရာနေရာ အသီးသီးတို့တွင် အဖွဲ့လိုက် ယိမ်းအကတိုက်ခြင်းများ ဆောင်ရွက်လျက်ရှိကာ မဟာသင်္ကြန်ရက်များအတွင်း ဗဟိုမဏ္ဍပ်၌ နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တေးဂီတ ဖျော်ဖြေရေးအစီအစဉ်များ၊ဌာနဆိုင်ရာနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေယှဉ်ပြိုင်မှုများ၊ စတုဒိသာစည့်ခံကျွေးမွေးရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပတ်ဝန်းကျင်သန့်ရှင်းမှုကို လျှော့ချပေးနိုင်သည့်အပြင် စက်သုံးဆီသုံးစွဲမှုနှင့် ကုန်ကျစရိတ်များကိုချွေတာသည့်အနေဖြင့် ဧရာဝတီမြစ်အတွင်းမှ ရေများကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် မြစ်ရေတင်ယူကာ လာရောက် ရေကစားသူများအား စိတ်အေးချမ်းသာစွာရေကစားနိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီထံမှ သိရသည်။

(အပေါ်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

# ဧပြီလတွင် ရောင်းချရမည့် ရန်ကုန်အထိုင် လက်ကားမြေသြဇာရည်ညွှန်းဈေးနှုန်းများ အသိပေး

ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် တောင်သူများ အဓိကသုံးစွဲနေသည့် မြေသြဇာများကို ရန်ကုန်အထိုင် လက္ကားဈေးနှုန်းအဖြစ် ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ ရောင်းချရမည့်ဈေးနှုန်းများကို အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားကြောင်း ဧပြီ ၁ ရက်တွင် အသိပေးထုတ်ပြန်ထားသည်။



ယူရီးယားမြေသြဇာ အလုံးကြီး ၅၀ ကီလို တစ်အိတ်လျှင် ငွေကျပ် ၉၄,၀၀၀၊ DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၁၅,၀၀၀ ဈေးနှုန်းအဖြစ် သတ်မှတ်ထားကြောင်း အသိပေးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Complex 15 ပတ်လည် မြေသြဇာကိုမူ ရည်ညွှန်းဈေးနှုန်း သတ်မှတ်ထားခြင်းမရှိကြောင်းနှင့် အဆိုပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင် လက်ကားဈေးနှုန်း လက်ငင်းငွေချေစနစ် ဈေးများဖြစ်ကြောင်းလည်း သိရသည်။

ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များ အပေါ်တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ကြောင်းနှင့် ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချခြင်းမရှိပါက ယူရီးယား မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီနှင့် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းသို့ ဆက်သွယ်အသိပေးနိုင်ကြောင်းလည်း သိရသည်။

ရွှေမန်း

# ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်မိုးဆန်း ဦးဆောင်ကြီးကြပ်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကလေးများအား အသက်အပိုင်းအခြားအလိုက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ထိုးနှံတိုက်ကျွေးပေးကြသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)

*-*-*-*-*



# ရပ်ကွက်၊ ကျေးရွာ ၁၀ ခု၌ သတ်မှတ်ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၇၇၂၅ ဖြင့် စားအုန်းဆီ ၂၉၉၄ ပိဿာ ရောင်းချပေး

**ကျောက်ဆည် ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာ ၁၀ ခုအတွင်းရှိ ပြည်သူများအား သတ်မှတ်ရည်ညွှန်းဈေး တစ်ပိဿာငွေကျပ် ၇၇၂၅ဖြင့် စားအုန်းဆီ ၂၉၉၄ ပိဿာ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

ထိုသို့ ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားအုန်းဆီအရောင်းဆိုင် ခုနစ်ဆိုင်မှ အေးမြကြည်လင်ရပ်ကွက်၊ ဇရစ်ခဲ၊ ခါးတက်ကုန်း၊ချောင်းဆုံ၊ လက်ပန်၊ကောင်းတင်၊ကြောင်ပန်းကုန်း၊ ဆူးလေကုန်း၊ တုံလုံ၊ကတဲကျေးရွာများသို့ ရောင်းချခဲ့ကြောင်း သိရှိရပြီး ပြည်သူများအနေဖြင့် စားသုံးဆီဝယ်ယူခွင့် စာအုပ်များဖြင့် အိမ်ထောင်စုတစ်စုလျှင် နှစ်ပိဿာနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ထက်ထက်(ကျောက်ဆည်)



# အများပြည်သူသို့ အသိပေးကြေညာချက်

မြန်မာနိုင်ငံတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယဉ်များသည် ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင် ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။အဆိုပါမော်တော်ယဉ်များသည် တည်ဆဲ၂၀၂၀ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၀-၄-၂၀၂၆ရက်နေ့ နောက်ဆုံး ထား၍ လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယဉ်များသည် ၃၁-၅-၂၀၂၆ရက်နေ့ နောက်ဆုံး ထား၍လည်းကောင်း၊ ၂၀၂၀ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ရက်နေ့ နောက်ဆုံးထား၍ လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးရုံး(မန္တလေး)**

# ကြော်ငြာချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ ဆိုင်ခန်းများသည် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်နှင့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူများ ပြန်လည်ထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ (၇)ရက်အတွင်း ဈေးနှင့်သားသတ်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းမှတ်ပုံတင်စာအုပ်နှင့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူထုတ်ယူခွင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်အမှတ် | မူလအမည်ပေါက် | လျှောက်ထားသူအမည် |
|---|---|---|---|---|
| ၁။ | သီရိမာလာဈေး | (D)ရုံ၊ ဆိုင်အမှတ်(၅) | ဦးမောင်သင်း ၉/မနတ(နိုင်)၀၄၈၆၃၄ | ဦးထွန်းထွန်းလင်း ၉/အမဇ(နိုင်)၀၀၇၀၀၅ |
| ၂။ | သီရိမာလာဈေး | (D)ရုံ၊ ဆိုင်အမှတ်(၁၉) | ဒေါ်တင်တင် ၁၃/သပန(နိုင်)၀၀၇၅၆၄ | ဦးထွန်းထွန်းလင်း ၉/အမဇ(နိုင်)၀၀၇၀၀၅ |
| ၃။ | သီရိမာလာဈေး | (F)ရုံ၊ ဆိုင်အမှတ်(၂၉) | ဦးသန်းထွန်း(ခ)မောင်နီ ၉/မနတ(နိုင်)၀၈၅၄၈၂ | ဦးသန်းထွန်း(ခ)မောင်နီ ၉/မနတ(နိုင်)၀၈၅၄၈၂ |
| ၄။ | ရတနာပုံ(စ)ဈေး | (A)ရုံ၊ ဆိုင်အမှတ်(၁၁) | ဒေါ်ချိုချိုအောင် ၁၃/တခလ(နိုင်)၀၀၀၃၄၇ | ဒေါ်ချိုချိုအောင် ၁၃/တခလ(နိုင်)၀၀၀၃၄၇ |
| ၅။ | မန်းမြို့ဈေး | ရုံ(၅)၊ ဆိုင်အမှတ်(၈) | ဒေါ်အေးအေးနိုင် ၉/အမရ(နိုင်)၀၈၈၄၇၂ | ဒေါ်အေးအေးနိုင် ၉/အမရ(နိုင်)၀၈၈၄၇၂ |
| ၆။ | ဧဖြပလက်ဖောင်းတန်းဈေး | ဧဖြလမ်း၊ ၂၈×၂၉လမ်း ဆိုင်အမှတ်(၁၃၈) | ဒေါ်ရှမ်း ၉/မနတ(နိုင်)၀၂၁၀၃၈ | ဒေါ်လှဲ့လှဲ့ငွေး ၉/သစန(နိုင်)၁၁၆၀၆၆ |
| ၇။ | ဧဖြပလက်ဖောင်းတန်းဈေး | ဧဖြလမ်း၊ ၂၈×၂၉လမ်း ဆိုင်အမှတ်(၁၆၈) | ဒေါ်မြင့်မြင့်သန်း ၉/မရတ(နိုင်)၀၃၇၂၈၁ | ဒေါ်သိန်းငွေး ၉/မရမ(နိုင်)၁၀၄၃၆၃ |
| ၈။ | ဧဖြပလက်ဖောင်းတန်းဈေး | ဧဖြလမ်း၊ ၂၇×၂၈လမ်း ဆိုင်အမှတ်(၁၉၈) | ဦးတင်ဝင်း ၉/မနတ(နိုင်)၀၁၃၄၃၉ | ဒေါ်သန်းသန်းညို ၉/မရတ(နိုင်)၀၉၄၄၇၈ |

**ဌာနမှူး၊ ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ်(၈၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးဝေယံကျော်ဦး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိအာရ်စီ(၂)ထပ်ခွဲအဆောက်အအုံ၊ လျှပ်စစ်မီတာ၊ အဝီစိတွင်း အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက် သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးဝေယံကျော်ဦး(ဘ)ဦးအောင်ကျော်ဦး(၉/အမဇ(ပြု)၀၀၀၀၆၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆို အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့ဝင်း ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

# ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၇)၊ ဦးပိုင်အမှတ်(၂၄-ဓ)၊ ၂၁လမ်းနှင့် ၂၂လမ်းကြား၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ အစ်ကို ဦးမင်းကိုကို(၉/အမဇ(နိုင်)၀၀၉၄၄၇)မှ ညီဖြစ်သူ ဦးတင်ကိုကိုအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

**မီး**
**သ**
**တိ**
**ပြု။**

# အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ပြည်လုံးချမ်းသာရပ်ကွက်နေ ဒေါ်နှင်းနှင်းမော်(ဘ)ဦးကျိုချိန်တာ(၁၃/ကခန(ပြု)၀၀၀၀၈၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

GECKO

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းနှင်းမော်သည် ပူးတွဲဖော်ပြပါ "GECKO"အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၆၄/၂၀၂၆)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး "GECKO"အမည်ဖြင့် အဝတ်အထည်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေးအသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ "GECKO" အမှတ်တံဆိပ်ဖြင့် အဝတ်အထည်အမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းသည် ဒေါ်နှင်းနှင်းမော်၏ တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုလျက်ရှိသည့်အမှတ်တံဆိပ်အမည် အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြရန်နှင့်ပြုလုပ်ပါက ဒေါ်နှင်းနှင်းမော်၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှု အရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း (LL.B) | ဦးပြည့်ကိုကို (LL.B) | ဒေါ်မြင့်မြင့်အေး (LL.M) | ဒေါ်ချောစု (LL.B) | ဦးဝင်းမောင် (LL.B) |
|---|---|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(အေ–၈)၊ ၃၁လမ်း၊ ၇၀လမ်းနှင့် ၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇

# မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖေယာဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၃၉)၊ ဦးပိုင်အမှတ်(၉-ဃ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိသော ဦးခင်မောင်လေးပါ-၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ သံဖရိန်(၂)ထပ်အဆောက်အအုံ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ၊ ကွန်ပရက်ဆာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးခင်မောင်လေး(ဘ)ဦးမောင့်မြင့်(၉/မနမ(နိုင်)၀၀၇၈၈၂)၊ (၂)ဒေါ်ရီရီစိုး(ဘ)ဦးမာမက်ယူဆွတ်(၁၀/မလမ (နိုင်)၁၅၆၈၇၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ စ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန်သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office-အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် ၂၀လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း ၀၂–၄၀၆၈၈၃၉၊ ၀၉–၂၀၀၆၀၂၉၊ ၀၉–၆၉၂၀၀၆၀၂၉၊ ၀၉–၇၉၂၀၀၆၀၂၉**
**Iadylawyer.khinninisoe@gmil.com**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာ(အပိုင်း-၂)၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၂၀၈)သည် ဒေါ်တင်တင်အေး(၁၃/တကန(နိုင်)၀၈၆၅၇၇)အမည်ဖြင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ထွက်ရှိထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုလက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကောင်းထက်ဦး(၁၃/တကန(နိုင်)၂၆၇၃၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးငြိမ်းချမ်းမောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၀၅)**

**အမှတ်(၅၇/၁)၊ ၃၅(ဘီ)လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၉၇၄၄၈၈၅၀၄**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာတင်ပို့ခွင့်အား တစ်နှစ်သက်တမ်းတိုးမြှင့်

နေပြည်တော် ဧပြီ ၁

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား ညှိနှိုင်းဆောင်ရွက်ခဲ့မှုအရ အိန္ဒိယအစိုးရသည် မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့်အား ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်လိုက်ကြောင်း အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မင်းဘူးမြို့ ခရိုင်အားကစားကွင်း အဆင့်မြှင့်တင်ပြုပြင်နေမှုနှင့် ၂၀၂၆ ခုနှစ် မိုးရာသီ သစ်တောစိုက်ခင်းတည်ထောင်ရန် ပြင်ဆင်ထားမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းသို့ သွားရောက်၍ အားကစားကွင်းအား အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရိုင်အားကစားကွင်း အတွင်းပတ်လမ်းနှင့် အပြင်ပတ်လမ်း အုတ်ရေမြောင်း ၃၁၀၂ ပေ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လျာထားချက်အတိုင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မင်းဘူးမြို့နယ်ရှိ ကန်ရေပျိုးဥယျာဉ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီ၌ စိုက်ပျိုးရန် သစ်မျိုး ခုနစ်မျိုးဖြင့် ပျိုးပင်ပေါင်း ၉၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သက်တမ်း နှစ်နှစ်၊ အမြင့်နှစ်ပေအထက် ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးမြို့နယ် ဆင်ခေါင်း-ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်း ၂၀၂၆ ခုနှစ် မိုးရာသီတွင် ကျေးရွာထင်းစိုက်ခင်း ဧက ၃၀၊ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ဧက ၄၀နှင့် ဧက ၃၀ တို့ တည်ထောင်ဆောင်ရွက်နိုင်ရေး မြေပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များ အဆင့်အလိုက် အချိန်မီပြီးစီးရေး၊ တစ်ပင်စိုက် တစ်ပင်ရှင်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၂၆ ခုနှစ် မိုးရာသီတွင် မင်းဘူးခရိုင်အတွင်း သစ်ပင်ပေါင်း ၂၉၀၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





## မြန်မာ့မီးရထားအနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်

နေပြည်တော် ဧပြီ ၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့်ရထားများအပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်များကို အောက်ပါနေ့ရက်များတွင် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၆ သို့ ❖

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အခြေခံဒိုင်သင်တန်း (MFF Basic Referee Course 1/2026) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

မြန်မာ့ဘောလုံးလောကအတွက် အရည်အသွေးရှိသော မျိုးဆက်သစ်ဒိုင်လူကြီးများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် "MFF Basic Referee Course 1/2026" အခြေခံဒိုင်သင်တန်း၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ညနေက သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်က သင်တန်းနှင့် ပတ်သက်သည့် အမှာစကားများကို ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ရက်သတ္တပတ်ကြာ စနစ်တကျသင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး အခမ်းအနားတွင် တာဝန်ရှိသူများက သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့ထူးချွန်စွာ ဖြေဆိုအောင်မြင်ခဲ့ကြသည့် သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယခုသင်တန်းတွင် ရန်ကုန်၊ ဧရာဝတီ၊ ကရင်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပညာရေးဝန်ထမ်းများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင် လူငယ်စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းသားများသည် သင်တန်းကာလအတွင်း နောက်ဆုံးပေါ် ဘောလုံးစည်းမျဉ်းဥပဒေများ၊ ဒိုင်လူကြီးတစ်ဦး၏ ကျင့်ဝတ်များ၊ ကွင်းအတွင်းနေရာယူမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ အခြေခံများကို အပြည့်အဝသင်ယူလေ့လာခွင့်ရရှိခဲ့ကြသည်။

ယခုသင်တန်းမှ ထူးချွန်သည့် ဒိုင်လူကြီးများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် သက်တမ်းအလိုက် ပြိုင်ပွဲများနှင့် ပြည်တွင်းဘောလုံးပြိုင်ပွဲများတွင် ဒိုင်လူကြီးအဖြစ် တာဝန်ပေးအပ်ကာ အရည်အသွေး မြင့်မားလာစေရန် ဆက်လက်မြေတောင်မြှောက်ပေးသွားမည်ဖြစ်သည်။

(NGB)

